မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၉၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ရိုကိုနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင်ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒရေးဆွဲရေးနှင့် စီမံကိန်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဟောင်းနှင့်လွှတ်တော်အမတ် မစ္စတာဆောဆန်းမို ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် နေပြည်တော်၌ မြန်မာဖွံ့ဖြိုးတိုးတက်မှုသိပ္ပံ (Myanmar Development Institute) တည်ထောင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒရေးဆွဲရေးနှင့်စီမံကိန်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်နှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်ကိုရီးယားသမ္မတနိုင်ငံ လွှတ်တော်အမတ် ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဘက်ဆွန်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဟောင်းနှင့် လွှတ်တော်အမတ် မစ္စတာဆောဆန်းမို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အစိုးရေး၏ ဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း အမေရိကန်နှစ်ဆတိုးပြီး ရင်းနှီးမြှုပ်နှံသွားမည် — စာမျက်နှာ-၄

ပြင်သစ်စူပါဖလား ပီအက်စ်ဂျီတို့ ကာကွယ်နိုင်ပါ့မလား — စာမျက်နှာ-၅

သမဝါယမချေးငွေ ကျပ်ငါးသိန်းအထိ တိုးမြှင့်မည် — စာမျက်နှာ-၁၁

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

အပျော်စီးသင်္ဘောခရီးစဉ်များထဲက ခရီးစဉ်သစ်တစ်ခုဖြစ်လာမည့် မြိတ်ကျွန်းစုခရီးစဉ်

ဘာသာပြန် ထန်ဆွင်း

ဇူလိုင် ၂၅ ရက်ထုတ် အမေရိကန်ပြည်ထောင်စုစာစောင်တစ်ခု ဖြစ်သော The Wall Street Journal က မြန်မာနိုင်ငံရှိ မြိတ်ကျွန်းစုဆီသို့ ခရီးတစ်ခေါက် သွားရောက်ရန်အတွက် အကောင်းဆုံးအပျော်စီးသင်္ဘော ငှားရမ်းစီးနင်းခြင်းနှင့် ပတ်သက်၍လမ်းညွှန်ရာတွင် ကျွန်းပေါင်း ၈၀၀ ဖြင့် ဖွဲ့စည်းထားသော မြိတ်ကျွန်းစုသည် အပျော်စီးသင်္ဘော ခရီးစဉ်သစ်တစ်ခု ဖြစ်ကြောင်း၊ ခရီးသည်များသည် အပျော်စီးသင်္ဘောဖြင့် မြိတ်ကျွန်းစုသို့ သွားရောက်လည်ပတ်ခြင်းအားဖြင့် လူသူရောက်ရှိဖူးခြင်းမရှိသလောက်နည်းပါးသော ကျွန်းများဆီသို့ ခြေဆန့် ခွင့်ရရှိလျက် အိမ်မြှောင်၊ ပုတ်သင်၊ကင်းလိပ်ချော၊ ဖွတ်၊ ပုတတ်

စာမျက်နှာ ၃ ကော်လံ ၆ ❋

မြိတ်ကျွန်းစု၏ သဘာဝလှပမှုမြင်ကွင်းပသာဒကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

ဩဂုတ်လသည်ကား ကျန်းမာရေးအတွက် ထူးခြားသော လတစ်လဟု ဆိုရပေလိမ့်မည်။ အကြောင်းသည်ကား ဤလ တစ်လလုံး ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း စီစဉ်မှုဖြင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် ကျင်းပခြင်းကြောင့်ပင် ဖြစ်ပါသည်။ အထူးသဖြင့် အသက်ငါးနှစ်အောက်ကလေးငယ်များ သေပျောက်မှုလျော့ပါးရေး အာဟာရပြည့်ဝစွာ စားသုံးကြရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဩဂုတ်လပထမပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ရက်သတ္တပတ်စသည်ဖြင့် သတ်မှတ်ကျင်းပသွားမည်ဖြစ်ပါသည်။

ဩဂုတ်လ ပထမပတ်တွင် မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ကျင်းပရခြင်းသည်ကား ကလေးငယ်များအား မွေးကင်းစအရွယ်မှ အသက်ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ စနစ်တကျတိုက်ကျွေးကြပါရန် နို့တိုက်မိခင်များအား အသိပေးနှိုးဆော်လိုက်ခြင်း ဖြစ်ပါသည်။ မွေးကင်းစကလေးများအား နို့ဆီ၊ နို့ဘူး၊ နို့မှုန့်တို့ကို တိုက်ကျွေးခြင်း မပြုသင့်ပါ။ ကလေးများ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှေးကွေးစေနိုင်သည့်အပြင် ရောဂါဘယများပါ ဖြစ်ပွားနိုင်ပါသည်။ နို့မှုန့်တွင်ပါဝင်သော မယ်လမင်းဓာတ်များကြောင့် ကလေးများအားကျန်းမာရေး ထိခိုက်နိုင်ပါသည်။

ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးသည်လည်း အရေးကြီးသောအချက်ဖြစ်ပါသည်။ ငါးနှစ်ဝန်းကျင်ကလေးများသည် အစားအသောက်များကို စုံလင်စွာ စားသောက်နိုင်သည့်အရွယ်များ ဖြစ်ပါသည်။ ဤအရွယ်တွင် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ နို့၊ ကြက်ဥအစရှိသည်တို့ကိုမျှတစွာ ကျွေးမွေးသင့်ပါသည်။ သို့သော်လည်း အချို့သော မိဘများက မိမိတို့သားသမီးများအား အလိုလိုက်၍ အသင့်စားမုန့်များ၊ အချိုရည်များ၊ လမ်းဘေးတွင်ရောင်းသည့်အကင်၊ အကြော်၊ အသုပ်အစရှိသည်တို့ကို ဦးစားပေးကျွေးမွေးနေသည့်အတွက် ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန် စားသောက်သော အာဟာရပေါ်တွင် မူတည်လျက်ရှိပါသည်။

ထို့အတူ မွေးဖွားလာသောကလေးများ ကျန်းမာသန်စွမ်းစေရန် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ အာဟာရစားသုံးမှု ပုံစံမှန်ကန်ရန် အရေးကြီးပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များသည် ကလေးများ မမွေးဖွားမီ သား၊ ငါး၊ သီးနှံနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ မျှတ စုံလင်စွာ စားသုံးရမည်ဖြစ်သကဲ့သို့ ကလေးမွေးဖွားပြီးချိန်တွင်လည်း သင့်လျော်သော အစားအစာများကို ပြည့်ဝစွာစားသုံးသင့်ပါသည်။ နို့တိုက်မိခင်များ အာဟာရကို ပြည့်ဝစွာစားသုံးနိုင်မှသာလျှင် ကလေးငယ်အား အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်းမှုအပြည့်အဝရရှိနိုင်မည်ဖြစ်ပါသည်။

အိုင်အိုဒင်းဆား စားသုံးမှုနည်းပါးလျှင် လည်ပင်းကြီးရောဂါကဲ့သို့ ရောဂါများဖြစ်ပွားနိုင်ပါသည်။ အိုင်အိုဒင်းဆားမျှတစွာ စားသုံးခြင်းသည်လည်း ကျန်းမာရေးအတွက်အရေးကြီးသော အချက်ဖြစ်ပါသည်။ သို့ပါ၍ အာဟာရရက်သတ္တပတ်များကို အလေးထားပြီး သတိပြုလိုက်နာ၍ အစားအစာများကို မျှတစွာစားသုံးသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မန္တလေး မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဖွင့်

နေပြည်တော် ဇူလိုင် ၂၉

မန္တလေးမြို့ လူငယ်သင်တန်းကျောင်း၌ ရပ်ကွက် ၃၁ ခုနှင့် ကျေးရွာ ၁၅ ရွာမှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ် ၆၀ အား နည်းပြသင်တန်းပို့ချနေမှုနှင့် ရပ်ကွက် ၃၃ ခုနှင့်ကျေးရွာ ၂၇ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ၆၀ အား နည်းပြသင်တန်းဖွင့်လှစ်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းကကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဦးစီးဌာနနှစ်ခုမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး တတိယအဆင့်အရှိန်အဟုန် မြှင့်တင်မှုလုပ်ငန်းစဉ်များနှင့် အဆင့်လိုက်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် မန္တလေးကလေးပြုစုရေးဌာနရှိ ဌာနပိုင်ကလေးများပြုစုစောင့်ရှောက်နေမှုကိုကြည့်ရှု၍အောင်မြေသာစံမြို့နယ် မန္တလေး မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးတို့နှင့်အတူ ကျောင်း ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော မသန်စွမ်းသူများအတွက် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ အထူးကျောင်းရှစ်ကျောင်းရှိပြီး ယနေ့ဖွင့်လှစ်သော မန္တလေးမသန်စွမ်းသက်ငယ်သင်တန်းကျောင်းကို နိုင်ငံတော်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်းပေါင်း ၂၃၇၀ ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဤကျောင်းတွင် အသက်ခြောက်နှစ်နှင့် ၁၈ နှစ်အတွင်းရှိ သူငယ်နာအကြောတင်း၊ ပိုလီယိုအကြောသေစသည့် ကိုယ်အင်္ဂါမသန်စွမ်းကလေးများ၊ ဉာဏ်ရည်မမီ၊ အော်တစ်ဇင်နှင့် ဒေါင်းဆင်ဒရွန်းစသည့် သင်ယူမှုခက်ခဲသော ကလေးငယ်များကိုသက်ဆိုင်ရာ အထူးနည်းစနစ်များဖြင့် လေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များဖြစ်သည့် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(ပုသိမ်)၌ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦးက နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်ကို အသေးစိတ်ရှင်းလင်းပြီး မိမိတာဝန်ယူရသော ဒေသကို ဖွံ့ဖြိုးရေးဆောင်ရွက်ရာမှ နည်းပညာ အရင်းအနှီးများအပြင် ဈေးကွက်ပါ စီမံဆောင်ရွက်ပေးသင့်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို အခြားဌာနအဖွဲ့အစည်းများဖြင့် ပေါင်းစပ်ကာ ချိတ်ဆက်ဆောင်ရွက်ရသည့် နည်းလမ်းများကို သိရှိကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ တာဝန်ကျေပွန်သော Focal Ministry ဖြစ်မည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်တတ်ရန်လိုအပ်သလို ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရားများ ထားရှိတတ်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဆန်းမောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ မွေးမြူရေးပညာရှင်၊ အကြံပေးအရာရှိ ဒေါက်တာ စောပလယ်စောနှင့် တာဝန်ရှိသူများက ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများကို တင်ပြဆောင်ရွက်ကြရာ တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးအကြံပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်း

ဥစ္စာရှိကြောင်း နည်းလမ်းကောင်း

ပစ္စည်းဥစ္စာတည်လိုပါလျှင် -

- ချွေတာ
- စုဆောင်း
- မိတ်ကောင်းရှိစေ
- သုံးလေမျှတ

ဤလေးဝ မုချကြွယ်ဝချမ်းသာတည်း။

❁ ကျောဖုံးမှ

အကျိုးငှာ ဖွံ့ဖြိုးမှုကိုဆောင်ကြဉ်းရာတွင် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုကို ပဓာနရည်မှန်းချက်ထားရှိသည်ဟူသော နိုင်ငံတော်၏ အမျိုးသားပတ်ဝန်းကျင်မူဝါဒနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ စီမံခန့်ခွဲသွားကြရမှာဖြစ်ကြောင်း။

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ ကော်မတီအလိုက် ချမှတ်ပေးထားသောလုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် အရည်အသွေးထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၊ လူသားကျန်းမာရေး၊ ဘေးအန္တရာယ် ကျရောက်နိုင်ချေလျော့ချမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ခြင်းစသည့် ရည်မှန်းချက်များ ပေါက်မြောက်အောင် စနစ်တကျစီမံခန့်ခွဲသွားကြရန် လိုပါကြောင်း၊ အသိစိတ်ဖြင့် ကိုယ်တိုင်ပါဝင်လာအောင် ပညာပေးစည်းရုံးခြင်း၊ ဈေးကွက်အခြေခံ မက်လုံးပေးဆွဲဆောင်ခြင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် အရေးယူခြင်းဟူသည့် စီမံခန့်ခွဲရေး၊ ချဉ်းကပ်မှုပုံစံများကိုကျင့်သုံးသွားရန် လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၅)တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရမည်ဟူ၍ လည်းကောင်း၊ ပုဒ်မ(၃၉၀)

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တွင် နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)ကိုလည်း အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒများကို အကောင်အထည်ဖော်ရန် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီး၍ စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့်ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်ပါဝင်နေသည့် ဝန်ကြီးဌာနအလိုက် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများလည်း ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိအမြင်ပြန့်ပွားရေးအတွက် ပညာရေးနှင့် ပညာသင်ကြားရေး အစီအစဉ်များတွင် လူထုပါဝင်ပူးပေါင်းမှုကို အားပေးမြှင့်တင်လျက် ပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူ့ကျင့်ဝတ်ကို အသိရှိရှိ လိုက်နာလာစေရန် စည်းရုံးသွားရန်လိုသလို တည်ဆဲဥပဒေများ၊ စည်းမျဉ်းများဖြင့် တင်းကျပ်စွာ ထိန်းကျောင်းပေးသွားရန်ဖြစ်ပါကြောင်း။

"ညစ်ညမ်းစေသူ ပေးဆပ်စေ" မူကို အာမခံခြင်း၊ ညစ်ညမ်းပစ္စည်းနှင့် အန္တရာယ်ရှိပစ္စည်းများအား အလုံးစုံစောင့်ကြည့်စနစ် ထူထောင်စောင့်ကြည့်အရေးယူခြင်းများ ပြုလုပ်သွားရန်လိုအပ်ပါကြောင်း၊ ထိရောက်သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးစနစ်ဖြစ်ရန် ကျင့်သုံးရမည့်နည်းလမ်းများ ချမှတ်ပေးထားပါကြောင်း၊ အဂတိတရားကင်းရှင်းစွာဖြင့် အမှန်တကယ်ကျင့်သုံးရန်သာ လိုအပ်ပါကြောင်း၊ စဉ်တိုက် ဆက်တိုက် တိုးတက်ရေးအတွက် ရလဒ်ကိုအခြေပြုစီမံခန့်ခွဲမှုဖြစ်ရန်နှင့် တာဝန်ယူမှုတာဝန်ခံမှုသည် အဓိကျပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအောက်တွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ မြို့ပြ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နှင့်ရပ်ရွာဆိုင်ရာ လုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီစသည့် ဗဟိုအဆင့်လုပ်ငန်း ကော်မတီ(၅)ရပ်ကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သော လုပ်ငန်းများကို တားဆီးရေးအတွက် စစ်ဆေးကြပ်မတ်ရန် နည်းလမ်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ပေးပို့အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

သဘာဝသယံဇာတများ ထိန်းသိမ်းရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာတွင် သစ်တောသယံဇာတထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး၊ တရားမဝင်သစ်ထုတ်မှုများ တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် သဘာဝနှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်စေနိုင်မှုများကို ရှောင်ရှားနိုင်ရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များကို ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် ကဏ္ဍဆိုင်ရာ ဥပဒေများပေါင်းစည်းဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်တို့ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် ကောင်စီနယ်မြေပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲနှင့် အထက(ခွဲ)ကျောင်းဝင်း လမ်းဖွင့်ပွဲကျင်းပ

နတ်မောက် ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်း(မြို့ဟောင်း) ကျေးရွာရှိ အထက (ခွဲ) ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီက ဦးချန်ဦး-ဒေါ်ဝင်းဝင်းရီတို့ လှူဒါန်းဖောက်လုပ်ထားသော ကျောင်းဝင်းအဝင်၊ အထွက် လမ်းဖွင့်ပွဲကိုကျင်းပပြီး ပေ(အလျား ၉၀×အနံ ၃၀) ရှိ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တိုင်းပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်း၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်လှဖော်၊ အလှူရှင်ဦးချန်ဦး ဇနီးဒေါ်ဝင်းဝင်းရီ၊ အထွေထွေမန်နေဂျာ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ၎င်းကျောင်းဆောင်သစ်ကို စုစုပေါင်းငွေကျပ် သိန်း ၂၃၀ ကျော် ကုန်ကျခံဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်သန်းထွန်း(နတ်မောက်)

■ *ကျောဖုံးမှ*

လွန်ခဲ့သည့် သုံးနှစ်က စတင်ဖော်ဆောင်သည့် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးကျေးဇူးများကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးအခိုင်အမာ ဖွံ့ဖြိုးတိုးတက်လာသည်ဟု ဆိုကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

အီတလီနိုင်ငံသို့ မြန်မာဆန်တင်သွင်းမှု

ဇူလိုင် ၂၃ ရက်ထုတ် အီတလီသတင်းစာတစ်စောင်ဖြစ်သော Italia Oggi က ကမ္ဘောဒီးယား ဆန်ထုတ်လုပ်သူများအသင်း အတွင်းရေးမှူးချုပ် ဒေးဗစ်ဗန်ဗီချက်သည် ကမ္ဘောဒီးယားနိုင်ငံမှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တင်သွင်းမှုအပေါ် စည်းကြပ်သည့် သွင်းကုန်အခွန်ကို သုညအထိ လျှော့ချမှုနှင့်ပတ်သက်၍ အီတလီဆန်ထုတ်လုပ်သူများ၏ ကန့်ကွက်မှုများအပေါ် ၎င်း၏တုံ့ပြန်ချက်ကို oryza.com ဝက်ဘ်ဆိုက်ပေါ်တွင်ထုတ်ပြန်ခဲ့ကြောင်း၊ ကမ္ဘောဒီးယားဆန်နှင့် မြန်မာတင်သွင်းမှုနှင့်ပတ်သက်၍ အီတလီဆန်ထုတ်လုပ်သူများ၏ ကန့်ကွက်ရသည့်အကြောင်းရင်းမှာ ဥရောပဘုံစိုက်ပျိုးရေးပေါ်လစီသစ်အရ အီတလီဆန်ထုတ်လုပ်သူများထံပေးအပ်သည့် ဘဏ္ဍာရေးအကူအညီ လျှော့ချခြင်းကြောင့်သာဖြစ်သည်ဟု မစ္စတာ ဗန်ဗီချက်က ထောက်ပြခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

❋ *ရှေ့ဖုံးမှ*

စသည့်တိရစ္ဆာန်များနှင့် မျောက်လွှဲကျော်များကို ရှုစားနိုင်မည်ဖြစ်သည့်အပြင် ယင်းဒေသရှိ ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်သည့် မော်ကင်းခေါ် ဆလုံလူမျိုးများနှင့်လည်း ဆုံတွေ့ကောင်း ဆုံတွေ့နိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲအတွက် မြန်မာအသင်းများပြင်ဆင်

သတင်း – ညီမြတ်သော်တာ
ဓာတ်ပုံ – ကိုကိုစိုးညွန့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာဘော်လီဘောအသင်းများသည် နောက်ဆုံးအဆင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို မြန်မာလူငယ်အမျိုးသား(က)အသင်းနှင့် (ခ) အသင်း၊ မြန်မာလူငယ်အမျိုးသမီးအသင်း စုစုပေါင်းသုံးသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် မြန်မာ(က)၊ ထိုင်း၊ မြန်မာ(ခ)၊ ဗီယက်နမ်၊ နယူးဇီလန်၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာလူငယ်အမျိုးသား(က) အသင်းမှာ ယခုပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး အမျိုးသမီးအသင်းမှာမူ ၂၀၁၂ ပြိုင်ပွဲတွင် တတိယနေရာရရှိခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အမျိုးသား(က)အသင်းတွင် အုပ်ချုပ်သူ ဦးမျိုးဝဏ္ဏထွန်း၊ နည်းပြချုပ် ဦးကျော်စွာဝင်း၊ လက်ထောက်နည်းပြ ဦးလွှမ်းမိုး၊ ကစားသမားများအဖြစ် ဇော်မျိုး၊ ခွဲခြားမောင်၊ ဇော်ထက်ဝေ၊ သွင်ထူးဇင်၊ ရဲနောင်ထွန်း၊ ဇော်ဝင်း

မြန်မာလူငယ် အမျိုးသား(က) အသင်း လေ့ကျင့်နေစဉ်။

လှိုင်၊ ဇော်မျိုးလင်း၊ မင်းကျော်သူ၊ နေလင်းအောင်၊ ငြိမ်းချမ်းအောင်၊ မျိုးမင်းဦး၊ မျိုးမင်းသူ၊ အမျိုးသား(ခ) အသင်းတွင် အုပ်ချုပ်သူ ဦးထွန်းငွေ၊ နည်းပြချုပ် ဦးရဲမြင့်၊ လက်ထောက်နည်းပြ ဦးတင့်ဝေ၊ ကစားသမား ရဲစည်သူ၊ ပြည့်စုံစိုး၊ တိုးမင်းမောင်၊ အောင်နိုင်ချစ်၊ ခွန်ဘိုဘို၊ ရန်ပိုင်၊ ဇော်လွင်ထွန်း၊ စံညွှန့်မောင်၊ သက်အောင်၊ မင်းသိန်းဦး၊ နိုင်ထက်အောင်၊ ပြည့်စုံအောင်၊ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မာမာနိုင်၊ နည်းပြချုပ် ဦးသိန်းဆွေ၊ လက်ထောက်နည်းပြ ဦးကျော်စိုးအောင်နှင့် ဦးကျော်မိုးနိုင်၊ ကစားသမား ချိုချိုဝင်း၊ ခင်သက်ဝေ၊ ဥမ္မာသန်း၊ အေးနန္ဒာမြင့်၊ ဇာဇာလှိုင်၊ ဖြူသွယ်စိုး၊ အိန္ဒြာ၊ ထက်ထက်လင်း၊ သီတာလွင်၊ ဖီစီ၊ ညီမြာထွန်းနှင့် ဆုဆုဝေလွင်တို့ ပါဝင်ကြသည်။

ကွန်ဟိန်းမြို့၌ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများစတင်ဖြန့်ဖြူးပေး

ကွန်ဟိန်း ဇူလိုင် ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့တွင် ယခင်က ကွန်ဟိန်းရေအား လျှပ်စစ်စက်ရုံရှိ အသေးစား ရေအားစက် ၁၂၄ ကီလိုဝပ်နှင့် ၁၂၅ ကီလိုဝပ် စက်တို့ဖြင့် မြို့ပေါ်ရှိရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည်။ ဓာတ်အားထုတ်လုပ်နိုင်မှုအရ တစ်ရက်လျှင် ၁၆ နာရီခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဆောင်ရွက်နိုင်

နိုင်ငံတော်က ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိရန် ခိုလန်-ကွန်ဟိန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင် ၃၀ တည်ဆောက်ခြင်း၊ ကွန်ဟိန်းမြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီ အေဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ကွန်ဟိန်းမြို့အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီမှစ၍ ကွန်ဟိန်းမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း၊ ကွန်ဟိန်းမြို့တွင် ယခုအခါ ၂၄ နာရီ ဓာတ်အားရရှိပြီဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လျှပ်စစ်စွမ်းအား

နိုင်ငံတကာသတင်း

အစ္စရေး၏ ဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း အမေရိကန်နှစ်ဆတိုးပြီး ရင်းနှီးမြှုပ်နှံသွားမည်

အမေရိကန် ဇူလိုင် ၂၉

အမေရိကန်အနေဖြင့် လာမည့်နှစ်တွင် အစ္စရေး၏ဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း ၎င်း၏ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဆူဆန်ရိုက်စ်က ပြောကြားလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်များက အစ္စရေးနိုင်ငံအပေါ် တစ်နေ့ပျမ်းမျှ ဒုံးကျည်အလုံး ၁၀၀ မျှ ပစ်ခတ်ခံရကြောင်း၊ သမ္မတအိုဘားမားအနေဖြင့် ယင်းကိစ္စကို အကူအညီပို၍ပေးဖွယ်ရှိကြောင်း ဝါရှင်တန်ဒီစီ၌ တနင်္လာနေ့က ကျင်းပသော အစ္စရေးဆိုင်ရာ အစည်းအဝေး၌ သူမက ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ဒီလိုကူညီပေးတဲ့အတွက် ဂုဏ်ယူရမှာ ဖြစ်ပါတယ်။ အမေရိကန်က ၂၀၁၅ ခုနှစ်မှာ အစ္စရေးတို့ရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း နှစ်ဆတိုးပြီး ရင်းနှီးမြှုပ်နှံသွားမှာပါ" ဟု သူမက ထပ်လောင်းပြောကြားသည်။

အမေရိကန်သမ္မတ အနေဖြင့် လွန်ခဲ့သော သီတင်းပတ်က အစ္စရေး၏ ဒုံးပျံကာကွယ်ရေးစနစ်အတွက် အမေရိကန်ဒေါ်လာ ၂၂၅ သန်း အပိုဆောင်းပေးရန် လမ်းညွှန်ထားကြောင်းလည်း သူမက ဆိုသည်။

ဇူလိုင် ၈ ရက်မှ စတင်ကာ အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသ နေရာအတော်များများ၌ လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ အစ္စရေးတင့်ကားများက ဇူလိုင် ၁၇ ရက်က မြေပြင်ထိုးစစ်ဆင်နွှဲခဲ့ရာ ပါလက်စတိုင်းပြည်သူအများအပြား သေဆုံးခဲ့ရသည်။

(ပရက်စ်တီဗွီ)

၁၉၈၇ နျူကလီးယားဒုံးကျည်စာချုပ် ရုရှားချိုးဖောက် အမေရိကန်အစိုးရ စွပ်စွဲပြောကြား

ဝါရှင်တန် ဇူလိုင် ၂၉

ရုရှားနိုင်ငံသည် နျူကလီးယားခရစ်ဒုံးကျည်စမ်းသပ်ခြင်းဖြင့် အဓိကလက်နက် ထိန်းချုပ်ရေးစာချုပ်ကို ချိုးဖောက်နေကြောင်း အမေရိကန်အစိုးရက ပြောကြားလိုက်သည်။

ရုရှားနိုင်ငံက မြေပြင်ပစ်ခရစ်ဒုံးကျည်ကို စမ်းသပ်ခဲ့ရာ ၁၉၈၇ ခုနှစ် စစ်အေးကာလအတွင်း ချုပ်ဆိုခဲ့သော တိုက်ချင်းပစ်နျူကလီးယားဒုံးကျည်စမ်းသပ်မှု မပြုလုပ်ရေးစာချုပ်ကို ချိုးဖောက်နေကြောင်း အမေရိကန်က ပြောသည်။

အမေရိကန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အဆိုပါစွပ်စွဲချက်နှင့်ပတ်သက်ပြီး အသေးစိတ်ပြောကြားခြင်းမရှိသော်လည်း ယင်းစမ်းသပ်မှုအပေါ် အလွန်စိုးရိမ်မိကြောင်း ပြောကြားလိုက်သည်။ နှစ်နိုင်ငံသဘောတူညီချက်အရ ကီလိုမီတာ ၅၀၀ နှင့် ၅၅၀၀ ကြား(မိုင် ၃၀၀ မှ ၃၄၀၀ ကြား) ပစ်ခတ်နိုင်သော ဒုံးကျည်များကို ပိတ်ပင်ထားသည်။

အမေရိကန်က နျူကလီးယားဒုံးကျည်စမ်းသပ်ခဲ့သည်ဟု စွပ်စွဲခဲ့သော်လည်း အဆိုပါတာဝန်ရှိသူ၏အမည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ရုရှားသမ္မတ ဗလာဒီမာပူတင်ထံ စာရေးအကြောင်းကြားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

ရုရှားနိုင်ငံသည် ၂၀၀၈ ခုနှစ်ထက်စောပြီး ခရစ်နျူကလီးယားဒုံးကျည်ကို စတင်စမ်းသပ်ခဲ့သည်ဟု ယုံကြည်မိကြောင်း အမေရိကန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို နယူးယောက်တိုင်းမ်က ဇန်နဝါရီလက ဖော်ပြခဲ့သည်။

(ဘီဘီစီ)

တရုတ်ကျောင်းသားသေဆုံးမှု၌ မသက်မှုဖြင့် လူငယ်လေးဦးကို ဖမ်းဆီး

လော့စ်အိန်ဂျလိ ဇူလိုင် ၂၉

လော့စ်အိန်ဂျလိရဲတပ်ဖွဲ့ဝင်များသည် အသက် ၂၄ နှစ်အရွယ် တရုတ်ကျောင်းသားတစ်ဦး အသတ်ခံရမှုနှင့် ပတ်သက်ပြီး လူငယ်လေးဦးကို မသက်မှုဖြင့် ဖမ်းဆီးခဲ့သည်။

ရိပ်သာလမ်းနှင့် ၂၉ လမ်းအနီး၌ ကြာသပတေးနေ့ ဒေသစံတော်ချိန် ၁၂ နာရီ ၄၅ မိနစ်ခန့်က ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ် (USC) ကျောင်းသား Xiran Ji ကို လုယက်မှု၊ လက်နက်နှင့် တိုက်ခိုက်မှုဖြင့် ၎င်းတို့ ကို စွပ်စွဲဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ရေးအဖွဲ့ဝင်များ၏ ပြောကြားချက်အရ အဆိုပါပြစ်မှုကျူးလွန်သူ လေးဦးသည် Ji ကို တိုက်ခိုက်ပြီးနောက် Dockweiler ကမ်းခြေနှင့် အခြားနေရာများတွင် လုယက်မှုများ ဆက်လက်ကျူးလွန်ခဲ့ရာ နှစ်ဦးကို ၎င်းနေ့၌ပင် ဖမ်းဆီးရမိခဲ့သည်။

အင်ဂျင်နီယာကျောင်းသားဖြစ်သူ Ji သည် လမ်းလျှောက်နေစဉ် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ သေဆုံးပြီး နာရီပေါင်းများစွာကြာမှ ၎င်း၏အခန်း၌ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း လော့စ်အိန်ဂျလိရဲဌာနမှ Smith က ပြောခဲ့သည်။

အဆိုပါတက္ကသိုလ်သည် ၂၀၁၂ ခုနှစ် ဧပြီလက ကျောင်းသားနှစ်ဦး သေနတ်မှန်သေဆုံးပြီးကတည်းက ကျောင်းဝင်းအတွင်း လုံခြုံရေးများကို တိုးမြှင့်ချထားခဲ့ပြီး လမ်း ၃၀ နှင့် ၂၉ လမ်းကို လုံခြုံရေးနယ်မြေများအဖြစ် သတ်မှတ်ထားသည်။

သို့သော် နွေရာသီ၌ ကျောင်းသားများသည် ခရီးထွက်ခြင်း၊ အိမ်ပြန်ခြင်းများ ပြုလုပ်ကြသဖြင့် လုံခြုံရေး အရေအတွက်ကို လျှော့ချထားခဲ့သည်။ ရဲတပ်ဖွဲ့အနေဖြင့် USC ရှိ ကျောင်းသားများကို အလားတူအဖြစ်အပျက်မျိုးမှ ကာကွယ်ရန် လုံခြုံရေးကို သေသေချာချာပြုလုပ်နေကြောင်း ပြောကြားသည်။

(ဆင်ဟွာ)

ဟွာဝေးမှ ၂၀၁၄ ခုနှစ် နှစ်ဝက်အတွင်း တရုတ်ယွမ် ၁၃၅ ဘီလီယံကျော် အမြတ်ငွေရရှိ

ပေကျင်း ဇူလိုင် ၂၉

တရုတ်နိုင်ငံ အခြေစိုက် နည်းပညာကုမ္ပဏီ ဟွာဝေးက ၂၀၁၄ ခုနှစ် နှစ်ဝက်တာကာလအတွင်း ယွမ် ၁၃၅ ဒသမ ၈ ဘီလီယံအထိ ထုတ်ပြန်အမြတ်အစွန်းရရှိခဲ့ကြောင်း ကြေညာသည်။

၂၀၁၄ ခုနှစ် ပထမနှစ်ဝက်အတွင်း လုပ်ငန်းအခြေအနေကို အားရကျေနပ်မှုရှိကြောင်း၊ ဟွာဝေးက ကမ္ဘာ့ဆက်သွယ်ရေး ကဏ္ဍများတွင် နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်မှုပြုလုပ်နိုင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှုများ၌ ဟွာဝေးက ဝင်ရောက် ခြေဆန့်နိုင်ပြီဖြစ်ကြောင်း၊ ဆက်သွယ်ရေး နည်းပညာများအပြင် ယနေ့ နောက်ဆုံးပေါ် ဟွာဝေး၏ စမတ်ဖုန်းများသည်လည်း ကမ္ဘာ့မိုဘိုင်းဖုန်းဈေးကွက်အတွင်း နေရာရရှိနေကြောင်း။

လက်ရှိမှာလည်း ဟွာဝေး၏ နောက်ဆုံးထွက်ကုန်ဖြစ်သည့် Ascend P7 ကို ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်မှာ ဝယ်ယူသူဦးရေ မြင့်တက်လျက်ရှိနေကြောင်း ဟွာဝေးကုမ္ပဏီ၏ CFO (Chief Financial Officer)မစ္စတာ Cathy Meng က ပြောကြားသည်။

ထို့အပြင် ၂၀၁၄ ခုနှစ်သည် ဟွာဝေးအတွက် နည်းပညာပိုင်း အဆင့်မြင့်မားလာသည့် နှစ်တစ်နှစ်ဖြစ်ပြီး အိုင်စီတီနည်းပညာပိုင်းဆိုင်ရာများ နိုင်ငံတကာတွင် ဖြန့်ဖြူးထုတ်လုပ်မှုအတွက် အားရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဟွာဝေးအနေဖြင့် အိုင်စီတီကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများအားလုံးတွင် နိုင်ငံတကာမှ အော်ပရေတာ ကုမ္ပဏီများ၊ နည်းပညာလုပ်ငန်းရှင်များနှင့် ပူးပေါင်းချိတ်ဆက်လုပ်ကိုင်မှုကို အဆင့်မြှင့်တင်သွားရန်ရည်ရွယ်ထားပြီး ပိုမိုကောင်းမွန်သည့် ဆက်သွယ်ရေးကဏ္ဍဖြစ်တည်ရေးကို ရှေးရှုကြောင်း ထုတ်ပြန်ထားသည်။

(ဆင်ဟွာ)

ပြည်တွင်းသတင်းနှင့် နိုင်ငံတကာအားကစား

အင်းဝဘဏ်လီမိတက် နေပြည်တော် ဇေယျာသီရိဘဏ်ခွဲ (Mini Branch) ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၉

အင်းဝဘဏ်လီမိတက်၏ နေပြည်တော် ဇေယျာသီရိဘဏ်ခွဲ (Mini Branch) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်ပဒေသာတိုက်ရှိ အဆိုပါဘဏ်ခွဲ၌ ကျင်းပသည်။ အခမ်းအနားတွင် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်းက ဘဏ်ခွဲဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ်ဗိုလ်ချုပ်ညိုစေား မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းက ဘဏ်ခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ဘဏ်ခွဲအဆောက်အအုံအတွင်းသို့လည်းကောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ မကြာမီဖွင့်လှစ်မည့် 1212 Call Center အားလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်သော နေပြည်တော် ဇေယျာသီရိဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၃၆) ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ၎င်းဘဏ်ခွဲတွင် ATM စက်ထားရှိကာ Innwa ATM Debit Card များဖြင့် ငွေထုတ်ယူနိုင်ခြင်း၊ ငွေပေးချေနိုင်ခြင်း၊ ငွေလက်ကျန် စစ်ဆေးနိုင်ခြင်း၊ Mini Statement ထုတ်ယူနိုင်ခြင်း၊ စာရင်းတစ်ခုမှတစ်ခုသို့ လွှဲပြောင်းနိုင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါဘဏ်ခွဲအနီး၌ သိရှိလိုသော သတင်းအချက်အလက်ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် 1212 Call Center ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ နေပြည်တော် ဇေယျာသီရိဘဏ်ခွဲ ဖွင့်လှစ်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ရေဆင်းနယ်မြေရှိ တက္ကသိုလ်များ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအနေဖြင့် ငွေထုတ်ယူခြင်း၊ ငွေလွှဲခြင်းများကို အလွယ်တကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ကလပ်ခြေစမ်းပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ ဂျူလိုင် ၃၀/၃၁

ကာတိုလီကာ	-	ဗလင်စီယာ	နံနက် ၆း၃၀
အက်ဖ်စီ စီအူး	-	လေဗာကူဆင်	ညနေ ၄း၃၀
မြူအန်သောင်းယူနိုက်တက်	-	အယ်လ်မာရီးယား	ည ၇း၀၀
ဟန်နိုဗာ	-	ဆက်ခ်ဗာရီ	ည ၈း၃၀
ဖူလ်ဟမ်	-	ဆီမား	ည ၁၀း၀၀
လူကွန်	-	နန့်တက်စ်	ည ၁၁း၀၀
မက်ဇ်	-	ရိမ်းစ်	ည ၁၁း၃၀
ဟာသာဘာလင်	-	ဆီဗီလာ	ည ၁၁း၃၀
ဗစ်တက်ဆီ	-	ချယ်လ်ဆီး	ည ၁၂း၀၀
ဘာရီ	-	မာဆေး	ည ၁၂း၀၀
ဆီယွန်	-	ဘင်ဖီကာ	ည ၁၂း၀၀
အယ်လ်ချီ	-	ဗီလာရီးရဲလ်	နံနက် ၀၀း၃၀
ဝါဆော	-	လက်စတာ	နံနက် ၁း၀၀
ယောက်ခ်စီးတီး	-	နော်တင်ဟမ်	နံနက် ၁း၀၀
ဆွန်ဒန်တောင်း	-	ချာလ်တန်	နံနက် ၁း၀၀
ကိုဗင်ထရီ	-	ဝက်ဖို့ဒ်	နံနက် ၁း၀၀
အယ်ဘာဆီတီ	-	ဂရန်နာဒါ	နံနက် ၁း၀၀
ဟာတဲလ်ပူး	-	မစ်ဒယ်ဘရော့	နံနက် ၁း၀၀
ရှက်ဖီးဝမ်းနက်စ်ဒေး	-	နယူးကာဆယ်	နံနက် ၁း၁၅
ချက်စတာဖီးလ်	-	အက်စ်တွန်ဗီလာ	နံနက် ၁း၁၅
ပေါ့ဘယ်လီ	-	ဘော်လ်တန်	နံနက် ၁း၁၅
ဆောက်သမ်ယူနိုက်တက်	-	ကျူပီအာ	နံနက် ၁း၁၅
ပါရူဂီယာ	-	ဘော်ဒိုး	နံနက် ၁း၁၅
ဆီစီနာ	-	ဂျူဗင်တပ်စ်	နံနက် ၁း၁၅
နေစီအိုနယ်	-	ဆန်းဒါးလန်း	နံနက် ၁း၃၀

ကလပ်ခြေစမ်းပွဲ ဂျူလိုင် ၂၈/၂၉ ဂိုးရလဒ်များ

ဆန်ဂျို့စ်အတ်ကွက်စ်	၃-၄	အက်သလက်တီကို
နာပိုလီ	၃-၁	ကော်လိုနီ
ဝက်တန်းစ်	၀-၅	ပါဒါဘွန်း
အင်းစ်ဘရက်ခ်	၀-၅	ကိုလုံး
တွမ်တီး	၂-၀	စပို့တင်းစီပီ
ပါးမား	၀-၂	မိုနာကို
နော့ဝှစ်ချ်	၅-၁	နိုက်စ်

ပြင်သစ်စူပါဖလား ပီအက်စ်ဂျီတို့ ကာကွယ်နိုင်ပါ့မလား

၂၀၁၄-၂၀၁၅ ရာသီအကြို ဘောလုံးပြိုင်ပွဲတွေကတော့ တန်းစီပြီး ကစားနေကြသလို ကစားဖို့ရှိနေတဲ့ ပွဲတွေကလည်း အသင့်စောင့်ကြိုနေပါတယ်။ အဲဒီပွဲစဉ်တွေထဲက ၂၀၁၄ ပြင်သစ်စူပါဖလားပြိုင်ပွဲကို ဩဂုတ် ၃ ရက်နံနက်မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

၂၀၁၄ ပြင်သစ်စူပါဖလားပွဲစဉ်မှာတော့ ပြင်သစ်လီဂူးချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ပြင်သစ်ဖလားချန်ပီယံဂူအင်ဂမ့်တို့ယှဉ်ပြိုင်ကစားကြ မှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့အနေအထားကိုကြည့်ရင်တော့ဂူအင်ဂမ့်က အောက်တန်းအသင်း ဖြစ်ပေမယ့် ပီအက်စ်ဂျီအသင်းနဲ့ဆုံတိုင်း ခြေစွမ်းပြကစားလေ့ရှိပါတယ်။

ဒီနှစ်သင်းဟာ စုစုပေါင်း ၁၇ ပွဲ တွေ့ဆုံယှဉ်ပြိုင် ကစားခဲ့ကြကာ ပီအက်ဂျီအသင်းက ခြောက်ပွဲနိုင်ပြီး ဂူအင်ဂမ့်က သုံးပွဲနိုင်ထားကာ သရေပွဲက ရှစ်ပွဲဖြစ်ခဲ့ပါတယ်။ အဲဒီရလဒ်ကို ပြန်ကြည့်ရင် ပီအက်စ်ဂျီအသင်းဟာ အသင်းကြီးဖြစ်ပေမယ့် ဂူအင်ဂမ့်ကို ထင်တိုင်းကြဲလို့မရဘူးဆိုတာ ပြသနေပါတယ်။

ဒါပေမယ့် ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်စူပါဖလားကို သုံးကြိမ်ဆွတ်ခူးထားသလို လီဂူးချန်ပီယံလည်း လေးကြိမ်ရရှိခဲ့ဖူးပါတယ်။ဂူအင်ဂမ့်တို့ကတော့ ပြင်သစ်ရှုံးထွက်ဖလား ချန်ပီယံနှစ်ကြိမ် ရရှိခဲ့ဖူးပေမယ့် ပြင်သစ်စူပါဖလားကို တစ်ကြိမ်မှ မရရှိခဲ့ပါဘူး၊ ဒါ့အပြင် ပြင်သစ်အဆင့်မြင့်တန်း ချန်ပီယံလည်း တစ်ကြိမ်မှ မဖြစ်ခဲ့ပါဘူး။

ပီအက်စ်ဂျီမှာ နာမည်ကြီး တိုက်စစ်မှူးတွေဖြစ်တဲ့ အီဗရာဟင်မိုဗစ်နဲ့ကာဗာနီတို့ရှိနေပေမယ့် ဂူအင်ဂမ့်မှာတော့ နာမည်ကျော်တိုက်စစ်မှူးတွေမရှိပါဘူး။ ဒါပေမယ့်တစ်သင်းလုံးဟာ တိုက်ပွဲဝင်စိတ်ဓာတ် မြင့်မြင့်မားမားရှိနေကြသူတွေချည်းပါပဲ။

ဒါကြောင့်မို့လည်း၂၀၁၀ပြင်သစ်လိဂ်ဖလားပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်မှာ ဂူအင်ဂမ့်ဟာ ပီအက်စ်ဂျီကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဂူအင်ဂမ့်ရဲ့ နောက်ဆုံး ငါးပွဲကစားခဲ့တာကိုကြည့်ရင် တူးလော့စ်အသင်းကို နှစ်ဂိုးပြတ်နိုင်ပြီး ရိမ်းအသင်းကိုလည်း နှစ်ဂိုးပြတ်နိုင်ထားပါတယ်။ ဒါ့အပြင် ဗလင်စီနက်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး မိုနာကိုအသင်းကို တစ်ဂိုးစီ သရေပွဲဖြစ်ထားကာ မာဆေးအသင်းကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားပါတယ်။

ပီအက်စ်ဂျီတို့ကတော့ နောက်ဆုံးငါးပွဲမှာ လစ်ဇစ်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးထားတာကလွဲပြီး ကျန်လေးပွဲကို အနိုင်ရရှိထားပါတယ်။ ပီအက်စ်ဂျီဟာ လက်ရှိပြင်သစ်စူပါဖလားချန်ပီယံဖြစ်လို့ ချန်ပီယံအဖြစ် ဆက်လက်ကာကွယ်နိုင်မလား ကြည့်ရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

ဘော့စနီးယားကစားသမား အဲဗာတန်ခေါ်ယူ

အဲဗာတန်က ဘော့စနီးယားကွင်းလယ်ကစားသမား မိုဟာမက်ဘီဆစ်ကို ပြောင်းရွှေ့ကြေးထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူလိုက်သည်။ ကမ္ဘာ့ဖလားတွင် ဘော့စနီးယားအသင်းနှင့်အတူ ကစားခဲ့သော အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမား ဘီဆစ်သည် ရာသီအကြိုပွဲကစားရန် အဲဗာတန်အသင်းသို့ ရောက်ရှိလာသည်။ အဲဗာတန်အသင်းသည် ရာသီအကြိုပွဲအဖြစ် ထိုင်းသို့သွားရောက်ကစားမည်ဖြစ်သည်။ ၎င်းသည် စတုဂတ်ကစားသမားဟောင်းလည်း ဖြစ်သည်။ အဲဗာတန်က မန်စီးတီးမှ ဂါရက်ဘာရီကို ခေါ်ယူခဲ့ပြီးနောက် ဒုတိယမြောက် ခေါ်ယူခဲ့သူလည်း ဖြစ်လာသည်။ "ဘီဆစ်ဟာ ငယ်ရွယ်တဲ့ကစားသမားဖြစ်ပေမယ့် ပြီးခဲ့တဲ့နှစ်ရာသီက ကောင်းကောင်းကစားလာနိုင်တာ တွေ့ရပါတယ်" ဟု အဲဗာတန်နည်းပြ မာတီနက်ဇ်က ဆိုသည်။

ဆောက်သမ်တန်ကစားသမားနှစ်ဦး စပါးခေါ်ယူရန် နီးစပ်နေ

ဆောက်သမ်တန်ကွင်းလယ်ကစားသမား မော်ဂန်ရှနိုက်ဒါလင်းနှင့် တိုက်စစ်မှူး ဂျေးရိုဒရီဂွတ်ဇ်တို့အား စပါးအသင်းကခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။ ကလပ်အသင်းနှစ်ခုအကြား အဆိုပါ ကစားသမားနှစ်ဦးအား ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်သည်။ ယင်းကစားသမားနှစ်ဦးသည် အသက် ၂၄ အရွယ်သာရှိသေးသည်။ ဆောက်သမ်တန်အသင်းသည် ယခုနှစ်ရာသီတွင် ရစ်ကီးလမ်းပတ်၊ လူကီရှော၊ အဒမ်လာလာနာ၊ ဒီဂျန်လော့ဗရင်၊ ကလွန်းချန်းဘားစ်တို့ကို ရောင်းချခဲ့ပြီးဖြစ်သည်။ ရှနိုက်ဒါလင်းသည် ပေါင် ၂၇ သန်းဖြင့် အရောင်းအဝယ်ဖြစ်လာနိုင်သည်ဟု ဆိုသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဆောင်းပါး

ဗန်းဂျီ (ဗဂျီ) သူမများဘဝ သာယာလှပရေး

စိုး မြ ကျော်

အညာသားအဆိုတော် သန်းထွန်းလေး၏ **"မွေးဌာနီ အညာရပ်ဆီသို့၊ ရော်ရည်မျှော်မှန်းစိတ်ဝယ်တမ်းတ၊ မှန်းဆကာအတည်၊ လွမ်းရပါသည်၊ လှည်းလမ်းကြောင်း တစ်လျှောက်၊ ဖုန်လုံးကြီးတွေ တလိပ်လိပ်တက်ခါ မြင်ယောင်သေးတော့သည်"** အစချီသည့် သီချင်းသည် အညာဒေသ၏ သဘာဝသရုပ်သကန်ကို ထင်ဟပ်စေလျက်ရှိပါသည်။ အညာဒေသသည် နွေနေပူပြင်းပြီး မိုးကာလတွင် ရွာတစ်လှည့်၊ မရွာတစ်လှည့်ဖြင့် တစ်နှစ်လုံး မိုးရေချိန် ၂၈ လက်မအောက်သာ ရလေ့ရှိပါသည်။ တချို့ အလွန်မိုးခေါင်သောနှစ်များဆိုပါက မိုးသီးနှံ တံစဉ်လွတ် ဆုံးရှုံးပြီး ဆောင်းသီးနှံလည်း မစိုက်မပျိုးဖြင့် ဘဝကို ရပ်တည်ကြရပါသည်။

ထို့ကြောင့် အညာသူ အညာသားတို့က မိုးကိုအားကိုးကြရပါသည်။ မိုးကို တန်ဖိုးထားကြရပါသည်။ မိုးကို မျှော်ကြရပါသည်။ **"ရွှေကို မလို၊ ငွေကိုမလို၊ ရေကိုသာ လိုသည်"**ဟူသော အညာဆိုရိုးစကားပင် ပေါ်ခဲ့ရပါသည်။ သို့သော် ကိုရွှေမိုးက မျှော်သာမျှော်၊ မပေါ်လာသည်ကများပါသည်။ အညာသူ အညာသားများ ကန်ရေသောက်ပြီး အညာနွားများက မြက်ခြောက်နဲ့သာ ရပ်တည်ကြရပါသည်။ အစိုးမရသော မိုးအပေါ် မူတည်ရသဖြင့် အညာသူအညာသားတို့၏ လူမှုဘဝ မလှပ၊ မဖွံ့ဖြိုးခဲ့ပါ။

အညာဒေသဟုဆိုပါက မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ အားလုံးပါဝင်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဧရိယာအားဖြင့် ကျယ်ပြန့်ပြီး လူဦးရေများသော ဒေသများဖြစ်ပါသည်။ ဆီထွက်သီးနှံ နှမ်း၊ မြေပဲနှင့်ပဲမျိုးစုံ၊ ဂျုံတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ရာ ဒေသလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏စားသုံးဆီအတွက် အားထားရာ **"ဆီအိုး"** ဒေသဟုလည်း တင်စားကြပါသည်။ တကယ်သာ အပြည့်အဝစိုက်ပျိုးထုတ်လုပ်ထွက်ရှိပါက ပြည်တွင်းစားသုံးရုံသာမက ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ပြည်ပတင်ပို့ကာ တိုင်းပြည်ဝင်ငွေကို အများအပြား ရှာပေးနိုင်ပါလိမ့်မည်။ သို့သော် အစိုးမရသော ကိုရွှေမိုးကြောင့် ငွေတစ်လှည့်၊ ကြေးတစ်လှည့် ဘဝက ရှေ့မတက်နိုင်ခဲ့ပါ။ မိုးရေကို အားကိုးနေရသော အခြေအနေကို မပြောင်းလဲနိုင်ပါက မရေရာသောဘဝမှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။ မိုးရေနှင့် သိုလှောင်ရေ (ဆည်ရေ)ကို ပူးတွဲအသုံးပြုနိုင်သည့်အခြေကို တည်ဆောက်နိုင်မှသာ ရွှေတစ်လှည့် ဘဝရောက်ပြီး အညာသားဘဝလှပကာ တိုင်းပြည်စီးပွားဖွံ့ဖြိုး နိုင်ပါလိမ့်မည်။

သို့ပါ၍ ယခင်တပ်မတော်အစိုးရလက်ထက်က တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် လိုအပ်ပြီး ဖြစ်နိုင်သည့်ဒေသတိုင်းတွင် ဆည်မြောင်းတာတမံ၊ မြစ်ရေတင်၊ ချောင်းပိတ်မြောင်းပိတ်နှင့် မြေအောက်ရေတူးဖော်အသုံးပြုခြင်း လုပ်ငန်းများကို အထူးဦးစားပေးအကောင်အထည်ဖော်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများအရ အညာမြေ မကွေးတိုင်းဒေသကြီးတွင် ဆည်မြောင်းတာတမံ အခု ၅၀၊ မြစ်ရေတင် ၅၄ ခု၊ ချောင်းပိတ်မြောင်းပိတ် ရှစ်ခုနှင့် မြေအောက် ရေတွင်း ၁၂၉၈ တွင်းတို့ကို အသစ်တူးဖော်တည်ဆောက်ပေးခဲ့ပါသည်။ ယခင်ကထက် စိုက်ပျိုးမြေဧက သုံးသိန်းကိုးသောင်းကျော်ကို ရေပေးဝေနိုင်ခဲ့သဖြင့် တစ်နှစ်တစ်သီးပင် မရေရာသောဘဝမှ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ကာ လုပ်သလောက် အကျိုးခံစားခဲ့ကြရပါသည်။ မိုးရေနှင့် သိုလှောင်ရေ (ဆည်ရေ)ပူးတွဲသုံးပြီး သီးထပ်၊ သီးညှပ် စိုက်လာနိုင်သဖြင့် မိုးစပါးစိုက်ဧက ငါးသိန်းကျော်၊ ပဲမျိုးစုံ စိုက်ဧက တစ်ဆယ့်နှစ်သိန်းကျော်၊ ဆီထွက်သီးနှံစိုက်ဧက သုံးသိန်းကျော်တိုးတက်ကာ ပြည်သူ့ဘဝနှင့်တိုင်းပြည်စီးပွားကို အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်ကို တွေ့ရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတွင်လည်း ဆည်မြောင်းတာတမံ အခု ၆၀၊ မြစ်ရေတင် ၈၁ ခုနှင့် မြေအောက် ရေတွင်း ၁၈၀၃ တွင်းတို့ကို အသစ်တူးဖော်တည်ဆောက်ပေးခဲ့သည်။ အလွန်မိုးခေါင်ရေရှားသော ပုဂံ-ညောင်ဦးဒေသတွင်ပင် ဧကပေါင်း ၂၀၀၀ ကျော်ကို အကျိုးပြုပေးနိုင်ခဲ့သည်။ တောင်သာ၊ ဝဲလောင်၊ မြင်းခြံ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ နွားထိုးကြီး၊ မလှိုင်စသည့်ဒေသများတွင်ပါ စိုက်ပျိုးရေ ရရှိစေနိုင်ခဲ့သည်။ တစ်တိုင်းလုံးတွင် စိုက်ဧက ပေါင်း ငါးသိန်းသုံးသောင်းကျော် တိုးမြှင့်ရေပေးဝေနိုင်ခဲ့ပြီး သီးထပ်၊ သီးညှပ်ဧကပေါင်း သိန်းနှစ်ဆယ်ကျော် တိုးတက်စေခဲ့သည်။ ယခင်က မိုးမမှန်၊ လေမမှန်၊ ဆည်တမံမရှိသဖြင့် ယာမြေကို လက်မှိုင်ချကြည့်နေရသောဘဝမှ ကိုယ့်စိတ်ကြိုက် စိုက်ပျိုးနိုင်သော ဘဝသို့ ရောက်ရှိနိုင်ခဲ့ကြသည်ကိုလည်း မြင်ရပါသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း ဆည်မြောင်းတမံ ၃၂ ခု၊ မြစ်ရေတင် ၆၂ ခု၊ ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၄၈ ခု၊ မြေအောက်ရေတွင်း ၂၈၄၆ တွင်း အသစ်တူးဖော် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရပါသည်။ ၎င်းအနက်မှ သဖန်းဆိပ် ရေလှောင်တမံကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံး၊ အရှေ့တောင်အာရှတွင် တမံအလျား အရှည်ဆုံး ဆည်ကြီးဖြစ်ပါသည်။ ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်နှင့် အရာတော်မြို့နယ်တို့တွင် မြေဧက ငါးသိန်းကျော်ကို ရေပေးဝေနိုင်ပြီး တစ်နှစ်သုံးသီး စိုက်ပျိုးကာ၊ ဒေသပြည်သူများဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုလျက် ရှိနေပါသည်။ စိုက်ပျိုးရေသာမက ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပြီး ဒေသတွင်း လျှပ်စစ်မီးပေးနိုင်သည့်အပြင် နိုင်ငံတော်၏ ဓာတ်အားစနစ်အတွင်းသို့ပါ ပံ့ပိုးပေးလျက်ရှိပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရက အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးခဲ့သော်လည်း တစ်နိုင်ငံလုံးရှိ လယ်ယာဧကအများစုမှာ ဆည်ရေမရရှိကြသေးပါ။ မိုးရေကိုသာ အားကိုးနေရဆဲဖြစ်ပါသည်။

ရှေးဘုရင်များ လက်ထက်က ဗန်းဂျီ(ဗဂျီ)နယ်ဟု ခေါ်တွင်သော ယခုခေတ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်၊ ပုလဲမြို့နယ်များသည်လည်း ပူပြင်းခြောက်သွေ့၊ မိုးခေါင်ရေရှားပြီး ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခဲ့သော ဒေသများဖြစ်ပါသည်။ ၁၉၅၀ ခုနှစ်တစ်ဝိုက်ကဆိုပါက နှစ်ပေါက် ဆန်မစားနိုင်ကြဘဲ ပြောင်း၊ ပြောင်းဖူးများပါ တွဲဖက်စားကြရသည်ဟု ဆိုပါသည်။ ထိုဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ယမားချောင်းကိုပိတ်၍ တောင်ယမားဆည်ကို ၁၉၉၈-၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်ပေးခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း တည်ရှိပြီး ပုလဲမြို့နယ်အစပ် ဖြစ်ပါသည်။ ရေလှောင်ပမာဏ ၁၇၀၄၀ ဧကပေရှိပြီး မြေဧက ၇၀၀၀ ကျော်ကို ရေပေးဝေနိုင်ပါသည်။ ၎င်းဆည်ရေ အကျိုးကို ပုလဲမြို့နယ် အရှေ့တောင် ခြမ်းဒေသကျေးရွာများက ခံစားကြရပြီး ယခင်ကထက် ပိုမိုစိုက်ပျိုးဖြစ်ထွန်းတိုးတက်ခဲ့သဖြင့် **"တနယ်(တနယ်ရွာ)သားကို ကျောမြောင် (အင်္ကျီမပါ၍)နဲ့ လာလို့ အထင်မသေးနဲ့၊ လွယ်အိတ်ထဲမှာ သိန်းနှစ်ဆယ် အစိတ်ပါတယ်"** ဟုပင် ဒေသစကား ဖြစ်ပေါ်ခဲ့သည်။

ထို့အတူ ပုလဲမြို့နယ်အတွင်း မြောက်ယမားချောင်းကိုပိတ်ပြီး မြောက်ယမားရေလှောင်တမံနှင့် မြောက်ယမားမြောင်းတို့ကို ၁၉၉၄-၁၉၉၉ ခုနှစ်တွင် တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ပုလဲမြို့နယ်၏ အရှေ့မြောက်ခြမ်းကျေးရွာများနှင့် ယင်းမာပင်မြို့နယ်တောင်ခြမ်း ကျေးရွာတချို့မှ ဧက ၁၂၀၀၀ ဆည်ရေရရှိခဲ့ကြသည်။ ထို့ပြင် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မြောက်ယမားရေကူရေလှောင်တမံနှင့် မြောက်ယမား တိုးချဲ့လက်ဝဲမြောင်းတို့ကို ထပ်မံတည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့်အတွက် ယင်းမာပင်မြို့နယ် တောင်ခြမ်းကျေးရွာများမှ ဧက ၁၀၀၀၀ ကျော်ထပ်မံ၍ ဆည်ရေခံစားနိုင်ခဲ့ကြပြီး မြောက်ယမားနှင့် မြောက်ယမားရေကူရေလှောင်တမံတို့မှ စုစုပေါင်း ဧက ၂၂၀၀၀ ကျော် အကျိုးပြုပေးနိုင်ခဲ့သည်။

စိုက်ပျိုးရေပေးဝေနိုင်မှုအပြင် မြောက်ယမားလက်ဝဲတိုးချဲ့မြောင်းမကြီးတွင် အသေးစားရေအားလျှပ်စစ် ၁၅ ကီလိုဝပ် နှစ်လုံးတပ်ဆင်ပြီး ၎င်းအနီးရှိ ကြာစီကျေးရွာနှင့် မြောက်ပိတောက်ကုန်းကျေးရွာများအတွက် လျှပ်စစ်မီး

ပေးနိုင်ခဲ့သည်။ ထို့အတူ မြောက်ယမားရေကူရေလှောင်တမံတွင်လည်း ၂၅၀ ကီလိုဝပ် ထွက်ရှိသည့် ရေအားလျှပ်စစ်တပ်ဆင်ပြီး တမံအနီးပတ်ဝန်းကျင်ရှိ ဖလံပင်၊ ရှားတော၊ သဲပြင်ကျယ်၊မိုးကောင်း၊ အေးချမ်းသာ၊ အိုင်းမ၊သံတောင်နှင့် ဇိမ့်တောင့်စသည့် ကျေးရွာရှစ်ရွာအတွက် လျှပ်စစ်မီးပေးနိုင်ခဲ့သည်။ပြည်သူအများ စိုက်ပျိုးရေး၊ လူမှုရေးအကျိုးများစွာ ခံစားခဲ့ကြရသည်။

သို့သော်လည်း ပုလဲမြို့နယ်တွင် ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ ကျေးရွာပေါင်း ၃၀ သာဆည်ရေ ရရှိခံစားနိုင်ပြီး စိုက်ဧကပေါင်း ၁၄၉၁၇၀ အနက် ၁၂၇၄၉ ဧကသာ ဆည်ရေရရှိကြသည်။ ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါ ကားလမ်းဝဲယာကုန်းမြင့်ပိုင်းဒေသများ၊ ပုလဲမြို့နယ်တောင်ခြမ်း၊ အနောက်ခြမ်းဒေသများရှိ အများစုသော တောင်သူလယ်သမားများမှာ ဆည်ရေကို **"မြင်သာမြင်ရ၊ မကြင်ရသည့်ဘဝ" "မိုးရေကို အားကိုးနေ ရဆဲဘဝ"** က မတက်နိုင်သေးပါ။ နှစ်စဉ်သဘာဝဘေးဒဏ်ကို အနည်းနဲ့အများ အန်တုရုန်းကန်နေကြရဆဲ ဖြစ်ပါသည်။

ထို့အတူ မြောက်ယမား ရေကူရေလှောင်တမံမှာ ဆည်ရေဝင်အားကောင်းပြီး နှစ်စဉ် ရေဧက ပေ ၁၂၀၀၀၀ ကျော် သိုလှောင်ထားလျက်ရှိပါသည်။ လက်ရှိ ဆည်ရေသောက် ဧက ၂၂၀၀၀ အပြင် နောက်ထပ် မြေဧကများစွာကို ရေပေးဝေနိုင်သောအင်အား ရှိနေပါသည်။ သို့သော် တိုးချဲ့ပေးဝေနိုင်ရန် မြောင်းလက်တံမရှိပါ။ သို့ပါ၍ ရှိကားရှိ၏။ သို့သော် အကျိုးမရှိ ဖြစ်နေပါသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလို သဘာဝတရားက မညှာတာပါ။ ၂၀၀၉ ခုနှစ်တွင် ဗဂျီဒေသ အပါအဝင် အညာဒေသများ မိုးအလွန်ခေါင်ခဲ့ပြီး ရေတွင်း၊ ရေကန်များပင် ခန်းခြောက်ကာ လူရေ၊ နွားရေ အခက်အခဲတွေ့ခဲ့ကြရပါသည်။ ရေစည်လှည်း၊ မီးသတ်ကား၊ ရေကားများဖြင့် ရေရှိရာဒေသက မရှိရာဒေသသို့ ပေးပို့ကူညီကြရပါသည်။ နွားများကို ရေရှိရာကျေးရွာဒေသများသို့ ပို့ထားကြရပါသည်။

ထိုသဘာဝဘေး အခက်အခဲများကို ကူညီရန်၊ ဖြေရှင်းပေးရန် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် (ယခင်နိုင်ငံတော်ဝန်ကြီးချုပ်ဘဝဖြင့်) သည် မိတ္ထီလာ၊ ပခုက္ကူ၊ ရေစကြို၊ ဆားလင်းကြီး၊ ပုလဲ၊ ယင်းမာပင်၊ မုံရွာဒေသများသို့ လာရောက်ခဲ့ပါသည်။ ကူညီဖြေရှင်းပေးခဲ့ပါသည်။ ထိုခရီးစဉ်တွင် မြောက်ယမားရေကူ ရေလှောင်တမံတွင် ရေများပိုလျှံနေမှု၊ ပုလဲမြို့နယ် အများစုဒေသတွင် စိုက်ပျိုးရေလိုအပ်နေမှုတို့ကို အခြေခံပြီး မြောက်ယမားဆည် လက်ယာတူးမြောင်းသစ် ထပ်မံတူးဖော်ပြီး ပုလဲမြို့နယ်၊ ပုလဲ-ဂန့်ဂေါကားလမ်း မြောက်ဘက်ဧက ၉၀၀၀ ရေပေးဝေနိုင်ရေး စီမံချက်ကို တင်ပြခဲ့ကြပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အကြီးအကဲများက အလေး ထားစဉ်းစားသုံးသပ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ တွက်ချက်တင်ပြစေပြီး ထိုစီမံကိန်းကို စိစစ်အတည်ပြုပေးခဲ့ပါသည်။

ဤသို့ဖြင့် အစိုးရသစ်လက်ထက် ၂၀၁၁- ၂၀၁၂ ခုနှစ်တွင် မြောက်ယမားလက်ယာလက်တံစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ရာ အကြောင်းကြောင်းကြောင့် ၂၀၁၃ ခုနှစ်တွင် လုပ်ငန်းယာယီရပ်ဆိုင်းခဲ့ရသည်မှာ ယနေ့အထိဖြစ်ပါသည်။ ပုလဲမြို့နယ်မှ ဧက ၉၀၀၀ ရှင် တောင်သူလယ်သမားများမှာ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ မျှော်ကိုးသော ဆည်မြောင်းကလည်းမပြီး သဘာဝဘေး မိုးခေါင်မှုကလည်းထပ်ဆောင်းကာ မညှာတာမှုကြောင့် အားထားရာမဲ့ဖြင့် ဘဝကိုရင်ဆိုင်ဖြတ်သန်းနေကြရဆဲဖြစ်ပါသည်။ တချို့က ဖားကန့် ဒေသသွား၍ ရေမဆေးကျောက်ရှာသောဘဝရောက်ကြရသည်။ တချို့က မလေးရှား၊ ထိုင်းသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကြရပါသည်။ ထိုအထဲတွင် မိန်းမငယ်လေးများ အများအပြားပင်ပါဝင်နေရာ အမျိုးသားရေးရှုထောင့်မှ ကြည့်ပါက ရင်နာစရာ၊ ရင်လေးစရာပင် ဖြစ်ပါသည်။

ထိုအခြေအနေများကြောင့် ဒေသပြည်သူပေါင်း ၃၀၀ ကျော်တို့က ၂၀၁၃ ခုနှစ်ထဲတွင် **"မြောက်ယမား လက်ယာလက်တံမြောင်း ဆက်လက်အကောင်အထည်ဖော်ပေးရေး"** အတွက် လက်မှတ်ရေးထိုး တောင်းဆိုခဲ့ကြပါသည်။ ယခုလည်း ဒေသပြည်သူများက ထပ်မံလက်မှတ်ရေးထိုး တောင်းဆိုကြသည်ဟု ကြားသိရပါသည်။ ထို့အတူ ဒေသအရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များက မြောက်ယမားလက်ယာလက်တံ ဆက်လက်အကောင်အထည်ဖော်ရေးလွှတ်တော်တွင် ဆွေးနွေးတိုက်တွန်းခဲ့ကြသလို ဒေသသား တာဝန်ရှိသူများကလည်း ဆက်လက်အကောင်အထည်ဖော်ပေးရေးအစီရင်ခံစာများ ရေးသားထောက်ခံခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ဆဲကာလ ယနေ့ ၂၀၁၄ ခုနှစ်တွင် သဘာဝဘေး မိုးခေါင်မှုက ထပ်ဆောင်းနှိပ်စက်ပြန်ပါသည်။ တောင်ယမားနှင့် မြောက်ယမားဆည်ရေသောက်ကြရသော ပုလဲအရှေ့တောင်ပိုင်းနှင့်မြောက်ပိုင်းရှိ လယ်သမားများက နှမ်းများ အောင်မြင်ကာ တစ်ဧကတင်း ၂၀ ကျော်ရနေကြသော်လည်း ဆည်ရေမရကြသော ပုလဲမြို့နယ် လယ်သမားအများစု၏ နှမ်းခင်းများ ပျက်စီးကာ တံစဉ်လွတ်ဆုံးရှုံးကြရပါသည်။ အမျိုးသားများက အားတင်းနိုင်ကြသော်လည်း အမျိုးသမီးများမှာ မချိတင်ကဲ ဝမ်းနည်းအားငယ်ငိုကြွေးကြသည်ကို ကြုံတွေ့ရပါသည်။ ဗဂျီဒေသ တောင်သူများ၏ဘဝမှာ နိုင်ငံတော်က ထုတ်ပေးသော စိုက်ပျိုးစရိတ်၊ သမဝါယမက ကူညီသော အသေးစားအရင်းအနှီးချေးငွေတို့ဖြင့် မိုးနှမ်းသီးနှံကို စိုက်ပျိုးကြပါသည်။ ထိုငွေဖြင့် မလောက်ပါကလည်း ပြင်ပမှ အတိုးကြီးပေးချေး၍ ထပ်ဆောင်းကြရပါသည်။ ယခုမိုးသီးနှံ နှမ်းမှာ တံစဉ်လွတ်ပြီဆိုတော့ ဆောင်းသီးနှံစရိတ်လည်း မရနိုင်တော့၊ လက်ငင်းစားရေးအတွက်လည်းခက်၊ ကျန်းမာရေး၊ ကလေးပညာရေးအတွက်လည်း ရင်လေး၊ အကြွေးပြန်ဆပ်ရေး မတွေးရဲသော ဘဝဖြင့် ခိုကိုးရာမဲ့၊ အားကိုးရာမဲ့အဖြစ်ကို ခံစားငိုကြွေးကြသည့် ဗဂျီသူမများ၏ဘဝကို ခံစားနားလည်ကြည့်သင့်ပါပြီ၊ ဗဂျီသူမတို့၏ဘဝကို ကယ်တင်ရန်မှာ အခြားနည်းလမ်းမရှိပါ။ ၎င်းတို့ကို စိုက်ပျိုးရေးအတွက် ရေရရှိအောင်ကူညီရေးသည် အဓိကဖြစ်ပါသည်။ သို့ပါ၍ ထိုကိစ္စအတွက် ပကတိ အရှိတရားအရ အဖြစ်နိုင်ဆုံး၊ အသင့်ဆုံးဖြစ်သော မြောက်ယမားဆည်လက်ယာမြောင်းလက်တံကို အမြန်ဆုံးဆက်လက်တည်ဆောက် အကောင်အထည်ဖော်ပေးသင့်ပါသည်။ ယခုနှစ်တွင် ဆက်လက်စတင်ပါက ၂၀၁၅ ခုနှစ်၊ မတ်လ၊ ဧပြီလများတွင် ပြီးစီးနိုင်ပြီး အညာဗဂျီဒေသ လယ်သမားများ၏ ဧက ၉၀၀၀ သည် ဆည်ရေခံစားရပြီး မရေရာသောဘဝမှ ရုန်းထနိုင်ကြပါလိမ့်မည်။ ၎င်းတို့မှတစ်ဆင့် လက်ယာမြောင်းလက်တံ၏ တောင်ဘက်ခြမ်းအမြင့်ပိုင်း ယာမြေများအထိပါ လက်တံမြောင်းငယ်များ ထပ်မံတူးဖော်နိုင်ပါက ဗဂျီဒေသပုလဲမြို့နယ်လုံးနီးပါး ဆည်ရေရရှိနိုင်ပါမည်။ ဗဂျီသူ၊ ဗဂျီသားများကလည်း နိုင်ငံတော်၏ အားအပြင် ကိုယ့်ယာကိုယ့်မြေ ဝန်းကျင်အခြေအနေအရ ချောင်းပိတ်၊ မြောင်းပိတ်စနစ်၊ ကန်တူး၊ ရေလှောင် စနစ်၊ မြေအောက်ရေတူးစနစ်များကိုပါ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သင့်ကြပါသည်။ ထိုသို့ တက်ညီလက်ညီ သူ့တာ၊ကိုယ့်တာ ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် နွေနေပူပြင်း၊ မိုးခေါင်ရေရှားကာ မိုးရေကိုသာ အားကိုးနေရသည့်မရေရာသော အညာဒေသ ဗဂျီသူ၊ ဗဂျီသားများ၏ဘဝ သာယာလှပလာနိုင်မည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။ ။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

သိပ္ပံပညာရပ်ဆိုင်ရာကဏ္ဍကို အဆင့်မြှင့်တင်နိုင်ရန် စံချိန်မီလက်တွေ့ခန်းသုံးသိပ္ပံပစ္စည်းများ ပြည့်စုံအောင်ဖြည့်ဆည်းပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပခဲ့ရာ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်က **"တက္ကသိုလ်ကျောင်းများရှိ လက်တွေ့ခန်းများ၌ သိပ္ပံပစ္စည်းများဝယ်ယူရန် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအခြေအနေကို သိလိုခြင်းနှင့်သိပ္ပံကျောင်းသားများအား လက်တွေ့စာမေးပွဲများ စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ Credit သတ်မှတ်ခြင်းရှိ၊ မရှိ"** မေးမြန်းရာပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က တက္ကသိုလ်များတွင် အရည်အချင်းပြည့်မီသော ဆရာများနှင့်သုတေသနပညာရှင်များ ပေါ်ထွန်းလာစေရန် ရန်ကုန်တက္ကသိုလ်တွင် Universities' Research Centre နှင့် Asian Research Centre၊ ပုသိမ်တက္ကသိုလ်တွင် Biotechnology Research Centre၊ မကွေးအဏ္ဏဝါသိပ္ပံစခန်း၊ မော်လမြိုင်တက္ကသိုလ်တွင် စက်စဲအဏ္ဏဝါသိပ္ပံစခန်း၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနများစသည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး လက်တွေ့စမ်းသပ်မှုသုတေသနများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မန္တလေးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်နှင့် တောင်ကြီးတက္ကသိုလ်များတွင် သိပ္ပံကျောင်းဆောင်များဆောက်လုပ်ပေးပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာ တက္ကသိုလ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနဓာတ်ခွဲခန်းသုံး ပစ္စည်းများကို သိပ္ပံလက်တွေ့ခန်းများတွင် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ခေတ်မီသင်ကြားနည်းစနစ်များ အသုံးပြုသင်ကြားနိုင်ရေး၊ ထို့အပြင် ပညာအခြေပြု စွမ်းဆောင်ရည်ပြည့်မီရေးအတွက် တက္ကသိုလ်များမှ ဆရာဆရာမများကို ပညာသင်စေလွှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဆင့်မီ အသိအမှတ်ပြု အရည်အသွေးများပြည့်စုံရေးအတွက် ASEAN University Network Quality Assurance (AUN-QA)စနစ်ကဲ့သို့ အရည်အသွေး အာမခံစနစ်များကို ကျင့်သုံးနိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၊တက္ကသိုလ်များတွင် သိပ္ပံပညာရပ်ဆိုင်ရာ ကဏ္ဍကို အဆင့်မြှင့်တင်နိုင်ရန် သိပ္ပံလက်တွေ့ခန်းများတွင် စံချိန်မီလက်တွေ့ခန်းသုံး သိပ္ပံပစ္စည်းများ

ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် သိပ္ပံဘာသာရပ်ဆိုင်ရာဌာနများ၏ တင်ပြချက်အရ သိပ္ပံပစ္စည်းများ ဝယ်ယူဖြည့်ဆည်းရန် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိသည့် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်းပေါင်း လေးထောင်ကျော်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်းပေါင်း သုံးထောင်ကျော်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်းပေါင်း သုံးထောင်ကျော်တို့ကို အချိုးကျခွဲဝေရရှိသည့် ခွင့်ပြုရန်ပုံငွေဖြင့် နှစ်စဉ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တက္ကသိုလ်များရှိ လက်တွေ့ခန်းများကို Class Size အလိုက်အုပ်စုဖွဲ့၍ လည်းကောင်း၊ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီဖြင့်လည်းကောင်း၊ သိပ္ပံပစ္စည်းများကို လက်တွေ့ကိုင်တွယ်အသုံးပြုခြင်း၊ လက်တွေ့စစ်ဆေးခြင်းနှင့် Credit သတ်မှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Credit System ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အသုံးပြုခဲ့ပါကြောင်း၊ Credit Bank စနစ် ကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံတကာတက္ကသိုလ်များနှင့် အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်ရန် Credit Transfer များလည်း ဆောင်ရွက်နိုင်ရန်ပြင်ဆင်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုဗ္ဗန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင် တင်သွင်းထားသည့် **"ပြည်ထောင်စု မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေး"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ကမာရွတ် မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဦးမြင့်နိုင်က ဥပဒေအကြောင်းအရာကိစ္စများ ဖြစ်သည့်အတွက် ပြည်ထောင်စု လွှတ်တော်တွင်သာ ဆုံးဖြတ်သွားရမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

အဆိုအပေါ် ကော်မရှင်ဖွဲ့စည်း ဆောင်ရွက်သွားရန် လွှတ်တော်က အတည်ပြုခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း" ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စီးကရက်တင်သွင်းခွင့်ကို ပိတ်ပင်ထားဆဲဖြစ်

နေပြည်တော် ဇူလိုင် ၁၉

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို ရေးဆွဲလျက်ရှိပါကြောင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့်"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ ထည့်သွင်းရှင်းလင်းခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးက အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေ(မူကြမ်း)များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် အချောသပ် ပြုစုရေးဆွဲပြီး စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေနှင့်မူပိုင်ခွင့်ဥပဒေတို့ကို ၉-၆-၂၀၁၄ ရက်တွင် လည်းကောင်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် ကုန်အမှတ်တံဆိပ်ဥပဒေတို့ကို ၁၈-၆-၂၀၁၄ ရက်တွင် လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ထားပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်များရရှိပါက အချောသပ်ပြင်ဆင်ထားသော မူပိုင်ခွင့်ဥပဒေ(မူကြမ်း)ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ လွှတ်တော်သို့ဆက်လက်ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်း၊ ပြည်ပရှိ တီထွင်သူများ၊ ပိုင်ရှင်များအား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ်တစ်ခုပေါ်ပေါက်စေရန်၊ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိမည့် အသိဉာဏ်

ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ပစ္စည်းမူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ပြည်တွင်း၌ ထုတ်လုပ်သော၊ ပြည်ပမှတင်သွင်းဖြန့်ချိသော ဆေးလိပ်ဘူးများတွင် ကျန်းမာရေးအသိပညာပေး ရုပ်ပုံများရိုက်နှိပ်ဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က မြန်မာနိုင်ငံတွင် အခြားအာဆီယံဒေသတွင်း နိုင်ငံများနည်းတူ ဆေးလိပ်ဘူး၊ ဆေးလိပ်ထုပ်နှင့် ဆေးရွက်ကြီးထုပ်များပေါ်တွင် ကျန်းမာရေးအသိပေးစာတန်းနှင့် ရုပ်ပုံများကို ဖော်ပြသတိပေးနိုင်ရန် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင်ကျင်းပခဲ့သည့် အမျိုးသား ကျန်းမာရေးကော်မတီသို့ နမူနာရုပ်ပုံများ၊ စာတန်းများနှင့်တကွ တင်ပြအတည်ပြုချက် ရယူခဲ့ပါကြောင်း၊ ပြည်သူလူထု၏သဘောထားအမြင်ကို လေ့လာဆန်းစစ်ပြီး ဒေသနှင့်သင့်လျော်သည့် ဓာတ်ပုံများကို ရိုက်ကူးစုဆောင်းပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍အခြားအာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အရွယ်အစားသတ်မှတ်၍ အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများပြုလုပ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းထားသော်လည်း တင်သွင်းခြင်းကိစ္စရပ်အတွက် ပြဋ္ဌာန်းခြင်းမရှိပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် စီးကရက်တင်သွင်းခွင့်ကိုလည်း ပိတ်ပင်ထားဆဲဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် **တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး**က ပုဒ်မ ၁၅(ဃ) တွင် လက်ရှိလုပ်ငန်း လုပ်ကိုင်နေသူသည် ပုဒ်မခွဲ (ဂ) အရ ဈေးပြိုင်စနစ်တွင် အမြင့်ဆုံးတင်သွင်းထားသည့် ဈေးနှုန်းကို ပြင်ဆင်တင်သွင်းပါက ယင်းကို ဦးစားပေး၍ ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု ပြင်ဆင်သင့်ပါကြောင်း၊ လက်ရှိ လုပ်ကိုင်နေသူများသည် ငွေအင်အားနှင့်အချိန်များကို အကုန်ခံပြီး ကြိုးစားလုပ်ကိုင်ခဲ့မှုအား

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ထောက်ရှုသောအားဖြင့် ဆက်လက်လုပ်ကိုင်ခွင့် ရရှိစေလိုသောကြောင့်ဖြစ်ပါကြောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားပါက မထုတ်ပေးလျှင်လည်း ရသည့်သဘော သက်ရောက်နေသောကြောင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု ပြောင်းလဲခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က ရတနာအခွန်ကို တွင်းဝတွင်ရာဖြတ်၍ကြိုတင်စည်းကြပ်ကောက်ခံသည့်စနစ်ဟောင်းကိုခေတ်စနစ်နှင့်လျော်ညီစွာ ပွင့်လင်းမြင်သာမှုရှိရန်အတွက် ပယ်ဖျက်သင့်ပါကြောင်း၊ တွင်းဝခွန်သည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် တန်ဖိုးဖြတ် အဖွဲ့ဖြင့် တန်ဖိုးဖြတ်(ရာဖြတ်)ပြီး ၂၀ ရာခိုင်နှုန်းအခွန်စည်းကြပ်သည် ဆိုသော်လည်း ရာဖြတ်ပေးသည့်တန်ဖိုးသည် အမှန်တကယ် ရောင်းချရသည့်တန်ဖိုးနှင့်ကွာခြားပါကြောင်း၊ ထို့ကြောင့် ကျောက်မျက်ရတနာရောင်းချချိန်တွင် ရောင်းချရသည့် ဈေးနှုန်းအပေါ်၌ ရောင်းချရငွေအမျိုးအစားဖြင့် ၁၅ ရာခိုင်နှုန်း ပေးဆောင်သည့်စနစ်သို့ ပြောင်းလဲပြင်ဆင်ထားပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးနေဝင်းထွန်းက မူလဥပဒေတွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းကို လက်လုပ်လက်စား ပေးမထားပါကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းတစ်နိုင်တစ်ပိုင် လက်လုပ်လက်စားလျှောက်ထားခွင့်မရှိသကဲ့သို့ လုပ်ကိုင်ခွင့်ပြုမိန့်ချထားပေးခြင်းလည်းမရှိပါကြောင်း၊ ပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် ပြည်သူတို့၏ လူမှုဘဝတိုးတက်ဖွံ့ဖြိုးစေရေးကို စီမံခန့်ခွဲဆောင်ရွက်နေသည့်အချိန်၌ ပြည်သူများ စီးပွားရေးလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများကို မဖြစ်မနေဖော်ထုတ် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ချိန်တွင် လက်လုပ်လက်စားလုပ်ကိုင်ခြင်း ကဏ္ဍကို ထည့်သွင်းခဲ့ပါကြောင်း၊ တတ်နိုင်သည့် အရင်းအနှီးဖြင့် လုပ်ကိုင်ခွင့်ရလိုသူများအား ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ရရှိစေရန် လက်လုပ်လက်စားကဏ္ဍကို ခွင့်ပြုပေးသင့်ပါကြောင်း။

ကျောက်လာမရွေးသည့် ကုန်သည်များရှိပါကြောင်း၊ ကုန်သည်ကို ချုပ်ကိုင်ထားမှုမရှိပါကြောင်း၊ Deposit ဖြင့် ထိန်းချုပ်မှုသည် အားနည်းနေပါကြောင်း၊ အစိုးရကြီးမှူးကျင်းပသည့် ပွဲများအပြင် ပုဂ္ဂလိကပွဲများခွင့်ပြုမည်ဆိုပါက ယခုကဲ့သို့ ကျောက်များကို အလုအယက်တန်းစီပြီး ရောင်းရသည့်ပုံစံမျိုးမဟုတ်တော့ဘဲ ကျောက်မျက်ရတနာ ဂုဏ်အင်္ဂါနှင့်အညီ ကျောက်မျက်ရတနာဈေးကွက်ကြီးကို စနစ်တကျ ဖော်ဆောင်နိုင်ပြီး နိုင်ငံတကာကလည်း ဝယ်ယူနိုင်ကြမည်ဖြစ်ပါကြောင်း၊ ကျောက်မျက်ပွဲများသည် အကြီး၊ အငယ်အမြဲရှိသည့်အတွက် ကျောက်များအား လစဉ်ရောင်းချနိုင်သည့်အတွက် တူးဖော်သူများအတွက်လည်း ငွေလည်ပတ်မှုရှိမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော **လျှပ်စစ်ဥပဒေကြမ်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် **မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာခြင်းအပေါ် ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား တင်သွင်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုပြီး ယင်းဥပဒေကြမ်း တစ်ရပ်လုံးအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အထူးအလေးထား ပုဏ္ဏားကျွန်းစက်မှုဇုန်နှင့် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက စစ်တွေမြို့ လောကနန္ဒာစေတီတော်၊ မဟာဝေယံသာသနာ့ဗိမာန်တော်၌ ရခိုင်ပြည်နယ် သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒအမှူးပြုသော ပင့်သံဃာဆရာတော် ၁၈ ပါးတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်တို့က ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှအထူးအလေးထားဆောင်ရွက်နေမှု၊ ပုဏ္ဏားကျွန်းစက်မှုဇုန်နှင့် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ပုဏ္ဏားကျွန်းနှင့် စစ်တွေတို့၌ ၂၄ နာရီ လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ ဒေသတွင်းရေချိုလုံလောက်စွာရရှိရေး စီမံဆောင်ရွက်နေမှု၊ ဆတ်ရိုးကျချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေး ပြန်လည်တူးဖော်ဆောင်ရွက်နေမှု၊ ရခိုင်၊ မြန်မာနှစ်ဘာသာဖြင့် သတင်းစာထုတ်ဝေရေးနှင့် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း ဖွဲ့စည်းတည်ထောင်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဒေသခံရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများအကြား ပဋိပက္ခမဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြေပုံမြို့နယ်၌ နိုင်ငံသားဖြစ်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် အလေးထားကာ အစွမ်းကုန်ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း အသီးသီး တင်ပြလျှောက်ထားကြသည်။

ထို့နောက် ဆရာတော်ကြီးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား အထူးဝမ်းမြောက်ပါကြောင်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်စေရေးအတွက် ထပ်မံပြောကြားပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်မိန့်ကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ပြည်နယ်သြဝါဒါ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေမြို့ မြို့မိမြို့ဖများ၊ လူမှုကွန်ရက်အဖွဲ့များအား တွေ့ဆုံ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ရခိုင်တိုင်းရင်းသား ကယ်ဆယ်ရေးစခန်း (စက်ရုံစု)သို့ လည်းကောင်း၊ ဘင်္ဂါလီကယ်ဆယ်ရေးစခန်း(သက္ကယ်ပြင်)သို့ လည်းကောင်း၊ ရခိုင်တိုင်းရင်းသားကျေးရွာ (သဲချောင်း) သို့လည်းကောင်း လှည့်လည်သွားရောက်၍ ဒေသခံပြည်သူများအားတွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းညှိနှိုင်းဆောင်ရွက်ပေးကြသည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် စစ်တွေမြို့နယ်မြေခံတပ်နယ်ဧည့်ခန်းမ၌ ဘင်္ဂါလီရပ်မိရပ်ဖများ၊ ကယ်ဆယ်ရေးစခန်းမှ တာဝန်ခံများအားတွေ့ဆုံ၍ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေး ဆေးခန်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ပြည့်နှစ်မှစ၍နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ်ပုံမှန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး (၂)ဒေါက်တာ ဂျိုဂျိုစန်းနှင့်ခုတင် ၁၀၀၀ နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့နှင့် မျက်စိအထူးကု ဆရာဝန်ကြီးအဖွဲ့၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ဒုတိယကျန်းမာရေး ဦးစီးဌာနမှူး၊ လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန် /ဆရာမများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များသည် ဇူလိုင် ၂၇ ရက်တွင် နေပြည်တော်လယ်ဝေးမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု မြို့ကုန်းကျေးရွာတွင် ရွှေ့လျားကျန်းမာရေး ဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဂျိုဂျိုစန်းက အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က“ရွှေ့လျားကျန်းမာရေး ဆေးခန်းဖွင့်လှစ်ရခြင်းအကြောင်း”၊ ဒေါက်တာမျိုးမင်းဦးက “ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှု ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်နှင့်သားဆက်ခြားခြင်းအကြောင်း” ကိုလည်းကောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည်အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့်အာဟာရ ဖြစ်စေသော အစားအစာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိဝေဒနာရှင်များအား ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မဲဆန္ဒရှင်စာရင်းပြုစုခြင်းရွှေ့ပြောင်းစီမံချက်ပါ မဲစာရင်းကို ခွင့်ပြုချက်မရှိဘဲ ဖြုတ်ယူခြင်းအတွက် အရေးယူ

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် ပြည့်စုံမှန်ကန်သော မဲစာရင်းများ ပြုစုနိုင်ရန် မဲဆန္ဒရှင်များစာရင်းပြုစုခြင်း ရွှေ့ပြောင်းစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့်ချင်းပြည်နယ် တီးတိန်မြို့နယ်တို့တွင် စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စမ်းသပ်ဆောင်ရွက်ရာတွင် တီးတိန်မြို့နယ် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ရွှေ့ပြောင်းစီမံချက်အရ လွယ်ဘွာလ်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် အများပြည်သူများ လေ့လာကြည့်ရှုရန် မဲဆန္ဒရှင်စာရင်းကို ဇူလိုင် ၁၀ ရက်မှစတင်၍ ကပ်ထားခဲ့သည်။

အဆိုပါမဲဆန္ဒရှင်စာရင်းကို ၂၂-၇-၂၀၁၄ ရက် နံနက် ၁၁ နာရီခန့်တွင် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ခွင့်ပြုချက် ရယူခြင်းမရှိဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးမျိုးရန်နောင်သိန်း နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/ဗဟန (နိုင်) ဝ၈၆၄၉၆ (အတွင်းရေးမှူး ၊ NLD ပါတီဗဟိုသုတေသနလမ်းညွှန်အဖွဲ့)က ၎င်း၏သဘောဖြင့်ဖြုတ်၍ ယူဆောင်သွားခဲ့သည့်အတွက် တီးတိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဂင့်ခင်းထန်က ဦးမျိုးရန်နောင်သိန်းအား လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉(က)အရ အရေးယူပေးပါရန် တီးတိန်မြို့မရဲစခန်း၌ တိုင်ကြားအမှုဖွင့်လှစ်ခဲ့သည်။

တီးတိန်မြို့မရဲစခန်းက အမှုအမှတ် (ပ) ၇/၂၀၁၄ ဖြင့်အမှုဖွင့်ခဲ့ပြီး ဒုရဲအုပ် ခင်မောင်ကြည်က စစ်ဆေးဆောင်ရွက်ကာ ဦးမျိုးရန်နောင်သိန်းအား ကလေးမြို့နယ် ၉ မိုင်ရဲစခန်း၌ စစ်ဆေးချက်ရယူပြီး အာမခံပေးခဲ့ကြောင်းနှင့်အမှုကို လာမည့်ရက်သတ္တပတ်အတွင်း တီးတိန်မြို့နယ်တရားရုံးတွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဗဟန်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် ဗဟန်းမြို့နယ် အထက (၂)ကျောင်း၌ မြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူးက လျှပ်စစ်ဆိုင်ရာသိကောင်းစရာများကို ပညာပေးဟောပြောကာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်းအခြေခံလမ်းညွှန်သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတိတိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူသည် သင်တန်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) ခုနစ်လွှာ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ဝ၁-၂၅၂၄၁၇၊ဝ၁-၃၈၅၂၇၃ တွင် စုံစမ်း၍ ဩဂုတ် ၆ ရက်မှ ၂၅ ရက်နေ့အထိ နောက်ဆုံးထားပြီး ဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသား သင်တန်းသူအရေအတွက် ကန့်သတ်ထားသဖြင့် လျှောက်လွှာများကို အချိန်မီတင်သွင်းကြရန်လိုကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဦးတည်

နေပြည်တော် ဇူလိုင် ၂၉

ဘဏ္ဍာရေးဝန်ကြီးဌာန အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်နေကြခြင်းကြောင့် ပြည်သူများတွေ့ကြုံရသည့် အခက်အခဲများ၊ လိုလားချက်များအား သိရှိရန်ကြိုးစား၍ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ယနေ့ ဖွင့်လှစ်ပို့ချသည့် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွင် စီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ သတင်းမီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးစသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ သင်တန်းကို The Sun Institute နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများမှ အရာထမ်း ၁၀၀ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ထိုင်းဘာသာစကားနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ထိုင်းဘာသာစကားကို လေ့လာသင်ယူနေကြသည့် မြန်မာလူငယ်များ ထိုင်းရိုးရာ၊ ယဉ်ကျေးမှု၊ ထိုင်းအစားအစာနှင့် ထိုင်းဝတ်စုံတို့ကို ရင်းနှီးကျွမ်းဝင်ခွင့်ရှိစေရန် ပထမဆုံးအကြိမ်အဖြစ် ထိုင်းဘာသာစကားနေ့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၌ ကျင်းပခဲ့သည်။

"ထိုင်း ဘာသာစကားနေ့ဟာ ထိုင်းနိုင်ငံနဲ့ ထိုင်းလူမျိုးတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ နေ့တစ်နေ့ဖြစ်သလို ထိုင်းဘာသာသင်ယူနေကြတဲ့ မြန်မာကျောင်းသား၊ ကျောင်းသူတွေအတွက်လည်း သိသင့်သိထိုက်တဲ့ အထင်ကရနေ့တစ်နေ့ ဖြစ်ပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက ပြောသည်။

မြန်မာနိုင်ငံတွင် ထိုင်းဘာသာစကား လေ့လာနေကြသည့် လူငယ်များအား လူမျိုးတိုင်း၏ ဘာသာစကားနေ့သည် အရေးကြီးပုံကို သိရှိရန်၊ ဘာသာစကားသင်ယူရာတွင် ပျော်ရွှင်မှုရှိစေရန်နှင့် ဘာသာစကားစွမ်းရည် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်လျက် ယခုကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ထိုင်းဘာသာဌာနမှ ဌာနမှူးက ဆိုသည်။

ထိုင်းဘာသာစကားနေ့ အဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ လက်ရေးလှပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲ၊ အကြားစွမ်းရည်ပြိုင်ပွဲများနှင့် ပညာပေးပြခန်းများ၊ ထိုင်းရိုးရာ အစားအစာပြုလုပ်ရောင်းချခြင်းနှင့် ထိုင်းဝတ်စုံငှားရမ်း၍ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း စသည့် အစီအစဉ်များ ပါဝင်သည်။

ထိုင်းနိုင်ငံတွင် ထိုင်းဘာသာစကား ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိုင်းအက္ခရာတီထွင်ခဲ့သည့် စူခိုထိုင်းခေတ် ဘုရင်ကြီးကို ဂုဏ်ပြုသည့်အနေဖြင့် ဇူလိုင် ၂၉ ရက်နေ့ကို ထိုင်းဘာသာစကားနေ့အဖြစ် သတ်မှတ်ကာ စာပေပြပွဲ၊ ပြိုင်ပွဲများ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

"ထိုင်း ဘာသာစကားနေ့ကို မြန်မာနိုင်ငံမှာ ကျင်းပခွင့်ရတာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မြဲဖို့ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ ထိုင်းဘာသာစကားကို လေ့လာသင်ယူနေကြသူတွေအတွက် ထိုင်းကုမ္ပဏီတွေမှာ အလုပ်လုပ်ချင်ရင်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ကြိုးစားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက ပြောသည်။

ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့ကြို ထိုင်းဘာသာ အထူးပြုကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ရရှိသူ ၅၀ နှင့် လက်ရှိ သင်ယူနေသော ကျောင်းသား ကျောင်းသူဦးရေမှာ ၁၅၀ ခန့် ရှိကြောင်း သိရသည်။ **နန္ဒာဝင်း**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြစ်ကြီးနား ဇူလိုင် ၂၉

ကချင်ပြည်နယ် ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက သစ်တော/သစ်ပင်များသည် လူသားတို့ အသက်ရှင်ရေးအတွက် အရေးကြီးသည့်အရာတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှိပြီးဖြစ်သည့် သစ်တော/သစ်ပင်များကို ထိန်းသိမ်းရေးနှင့် တိုးချဲ့စိုက်ပျိုးရေးသည် လူသားတိုင်း၏ တာဝန်အဖြစ် မှတ်ယူရမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်သည် ပြည်နယ် အကျယ်အဝန်း၏ ၆၆ ဒသမ ၂၀ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းလျက်ရှိသည့်အတွက် သစ်တောပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် မပျက်စီးရေးအတွက် သစ်တော/သစ်ပင်များကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်း၍ နှစ်စဉ်မိုးရာသီတွင် လူထုစွမ်းအားဖြင့် သစ်ပင်များ စိုက်ပျိုးခဲ့ကြသကဲ့သို့ ၎င်းသစ်ပင်များရေရှည် ရှင်သန်ဖြစ်ထွန်းစေရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စုပေါင်းသစ်ပင်စိုက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပျိုးပင်များကို ပြည်နယ်ဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်းအဖွဲ့နှင့် တပ်နယ်မိသားစုများထံလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံးက ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ ထံလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်က နည်းပညာတက္ကသိုလ်၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များထံလည်းကောင်း၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးအောင်နိုင်က ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူများနှင့် ဒေသခံပြည်သူများထံလည်းကောင်း၊ ကျွန်း၊ ခရေ၊ ကံ့ကော်၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယူကလစ်ပင်များကို ဖြန့်ဝေပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

စာပေဗဟုသုတကြွယ်ဝစေရေးအတွက် စာပေလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၉

ကျေးလက်နေပြည်သူများ စာပေဗဟုသုတကြွယ်ဝစေရေး၊ စာဖတ်အား မြှင့်တက်လာစေရေးအတွက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာရှိ သုကတောစာကြည့်တိုက်သို့ နေပြည်တော်နေ စာရေးဆရာကြီး ဦးဟန်ညွန့်(ဥပဒေ)နှင့် ဇနီးသည် ဇူလိုင် ၂၆ ရက် နံနက်က နိုင်ငံပိုင်သတင်းစာများနှင့် စာစောင်၊ ဂျာနယ်မျိုးစုံကို သွားရောက်လှူဒါန်းရာ ၎င်းကျေးရွာစာကြည့်တိုက်မှူး ဦးငွေသန်းက လက်ခံယူသည်။ **(ဝဲပုံ)**

စာပေများ လာရောက်လှူဒါန်းသည့်အတွက် ကျေးရွာနေပြည်သူများအနေဖြင့် လွန်စွာဝမ်းမြောက်ရပါကြောင်း "ကျွန်တော်တို့ ကျေးလက်ဒေသတွေအတွက် ယခုလို ဗဟုသုတရစေမည့်စာအုပ် စာပေ၊ သတင်းစာ၊ စာစောင်၊ ဂျာနယ်တွေဟာ အထူးလိုအပ်တဲ့အရာတွေပါ။ ယခုလို အလှူရှင်မိသားစုအနေဖြင့် တကူးတက လာရောက်လှူဒါန်းသည့် အတွက် ကျေးလက်နေ ပြည်သူများအနေဖြင့် များစွာအကျိုးရှိကြောင်း"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အလှူရှင် မိသားစုအနေဖြင့်လည်း ၎င်းကျေးရွာမှ လှိုက်လှဲဝမ်းသာစွာ လက်ခံခြင်းကို ပီတိဖြစ်ပေါ်လျက် ယခုကဲ့သို့ လှူဒါန်းမှုမျိုးကို ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော ကျေးလက်ဒေသများသို့ ဆက်လက်သွားရောက်လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အလှူရှင်များ ထပ်မံပေါ်ပေါက်စေရန် လိုအပ်ပါကြောင်း၊ စာပေလှူဒါန်းခြင်းဖြင့် ကုသိုလ်ပါဝင်နိုင်ကြပါရန် အလှူရှင် စာရေးဆရာကြီး ဦးဟန်ညွန့်(ဥပဒေ) က ပြောကြားသည်။

ကိုမျိုး(ရွှေပေါက္ကံ)

စစ်တွေတက္ကသိုလ် ကြို၊ ပို့ကား သစ်ပင်ကိုဝင်တိုက်ပြီး လမ်းဘေးထိုးကျ

စစ်တွေ ဇူလိုင် ၂၉

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ကြို၊ ပို့ပေးနေသော ကားတစ်စီး ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် သစ်ပင်ကို ဝင်တိုက်ပြီးလမ်းဘေးသို့ ထိုးကျသွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ အဝေးပြေးကားဂိတ်ရှိ အောင်ပြည့်စုံ ကားဂိတ်မှ ယာဉ်အမှတ် ၈ဈ/.... ပန်ဒါ Fuso အမျိုးအစား ခရီးသည်တင်လေးဘီးကားသည် ယာဉ်မောင်း ဦးအောင်ကျော်မိုး (၂၇ နှစ်) မောင်းနှင်ပြီး စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ကြိုရန်သွားရာ မေယုလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်း (ဘုမရွှာဆင်းလမ်း) ဆုံရှိ မီးစက်ဝိုင်းသို့ မရောက်မီ အရှိန်ပြင်းသဖြင့် လမ်းဘေးသစ်ပင်ကို ဝင်တိုက်ပြီး လမ်းဘေးသို့ထိုးကျသွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဖြစ်စဉ်တွင် ယာဉ်မောင်း ဦးအောင်ကျော်မိုးနှင့် ယာဉ်နောက်လိုက် ဆန်းမင်းထွန်း(၂၇နှစ်) သံတွဲမြို့နှင့် အခြားလေးဦး (ကျောင်းသား ကျောင်းသူတစ်ဦးမျှမပါ) လိုက်ပါလာပြီး ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) အနည်းငယ်ရရှိသွားကြသည်။

အခင်းဖြစ် ပွားရာသို့ စစ်တွေမြို့ ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဇေလင်း၊ ဒုတပ်ကြပ် စိုးလင်း၊ ဒုတပ်ကြပ်ထိန်းလင်းတို့ ရောက်ရှိလာပြီး ဖြစ်စဉ်များအား စစ်ဆေးကာ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးအောင်ကျော်မိုးကို အရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စစ်တွေတက္ကသိုလ်ကျောင်းသားကျောင်းသူများအား ယခင်က သုံးဘီးဆိုင်ကယ်များဖြင့် အသွား ကျပ် ၂၀၀၊ အပြန် ၂၀၀ ကျပ်ဖြင့် ပြေးဆွဲပေးနေပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ ခရီးသည်တင်မှန်လုံကားများဖြင့် အခမဲ့ပြေးဆွဲပေးသည်။ သို့သော် ကားစီးရေနည်းပါးမှုကြောင့် ကျောင်းသား ကျောင်းသူများ သွားလာရ ခက်ခဲလျက်ရှိကြောင်း သိရသည်။ **ကိုကြီးစော**

အပြည်ပြည်ဆိုင်ရာကျားထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

တနိုင်း ဇူလိုင် ၂၉

အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကျားမျိုးစိတ်များထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကချင်ပြည်နယ် တနိုင်းမြို့နယ် ဟူးကောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဆောင်ရွက်လျက်ရှိသော ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဟူးကောင်းဘေးမဲ့တောမှ တောခေါင်း ဦးနန်မိတ်ကလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးရဲတပ်ဖွဲ့၏ သဘာဝနယ်မြေအတွင်းမှ ကျားထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်းကျင်/သား ငှက်ထိန်းသိမ်းရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ဒုရဲအုပ် တင်ဝင်းထွန်းကလည်းကောင်း၊ (WCS -Myanmar Program) ဆောင်ရွက်လျက်ရှိသော ကျားထိန်းသိမ်းရေး အထောက်အကူပြုလုပ်ငန်းများနှင့် ကျားမျိုးစိတ်များ အကြောင်းကို (WCS-Duputy Project Manager) ဒေါ်ခင်ထွေးယဉ်က လည်းကောင်း ပညာပေးဟောပြောကြပြီး ဟူးကောင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ကျားထိန်းသိမ်းရေးတွင် ဒေသခံများ ပူးပေါင်းပါဝင်ကြရန်ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဦးနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကင်းထောက်လူငယ် မောင်မယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်အောင်ထွေး(တနိုင်း)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့၌ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားနေ ခြင်အန္တရာယ်ကာကွယ်ရေးသည် အကောင်းဆုံးနည်းလမ်းဖြစ်

ပညာပေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ်၏ မြို့နယ်များဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ပေါက်တောနှင့် ရသေ့တောင်မြို့နယ်များတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis)JE ဖြစ်ပွားနေပြီး အချို့မြို့နယ်များတွင် ကလေးငယ်များ သေဆုံးနေကြောင်း သိရသည်။ သေဆုံးသူများမှာ စစ်တွေမြို့နယ်မှ လေးဦးနှင့် ပုဏ္ဏားကျွန်းမြို့နယ်မှ သုံးဦးဖြစ်ကြောင်း စစ်တွေဆေးရုံကြီးမှ အတည်ပြုပြောကြားသည်။

ပုဏ္ဏားကျွန်းမြို့နယ် အောက်မြတ်လဲကျေးရွာမှ သေဆုံးသွားသော ကလေးငယ်၏ မိခင်ဒေါ်မာရီက "ကျွန်မသမီးလေးဟာ အပြင်းဖျားပါတယ်။ နောက်ပြီးတက်လာပါတယ်။ ဒါကြောင့် ဆေးရုံကိုသွားတက်တာ ကုသချိန် မရလိုက်ပါဘူး။ အသက်ဆုံးရှုံးသွားပါတယ်"ဟုပြောပြသည်။

မြို့နယ်အချို့တွင် တောရောမြို့ပါ ဖြစ်ပွားနေသဖြင့် စာရေးသူအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာစိုးထွန်းအောင်(ဆေးရုံအုပ်ကြီး)နှင့် တွေ့ဆုံမေးမြန်းခြင်း

မေး။ စစ်တွေဆေးရုံကြီးမှာ ဂျပန်ဦးနှောက်ရောင်ရောဂါ JE နဲ့ တက်နေတဲ့ကလေးဦးရေသိပါရစေ။

ဖြေ။ ဇူလိုင် ၂၇ ရက်အထိ JE ရောဂါနဲ့တက်တာ စုစုပေါင်း ကလေး ၂၁ ဦးရှိပါတယ်။ ဒီအထဲက ခုနစ်ဦးဟာ ဆေးရုံဆင်းသွားပြီးတော့ ခုနစ်ဦးက အသက်ဆုံးသွားပါတယ်။ ကျန်ကလေးတွေက ကုသဆဲပါ။

မေး။ စစ်တွေဆေးရုံကြီးမှာ ဒီ JE ရောဂါကို ကုသမယ့် ဆေးအလုံအလောက်ရှိပါသလား။

ဖြေ။ ဒီရောဂါရဲ့ ဗိုင်းရပ်(စ်)ပိုးနဲ့ပတ်သက်လို့ ဆေးကုသတဲ့နေရာမှာ တိုက်ရိုက်ဆေးဝါးတွေကရှားပါးပါတယ်။ ရောဂါကာကွယ်လို့ရတဲ့ ဆေးတွေကိုလည်း ကျွန်တော်တို့ဆီမှာ မဆောင်ရွက်နိုင်သေးပါဘူး။ တိုးချဲ့ ကာကွယ်ဆေးထိုးစီမံချက်မှာ မထည့်နိုင်သေးဘူး။ ကုသရာမှာ သူနဲ့ပတ်သက်ပြီး ယှဉ်တွဲလို့ဝင်လာတဲ့ ရောဂါတွေကိုပဲ ကုရတာပါ။ ယှဉ်တွဲလို့ ကုရတဲ့ဆေးတွေကတော့ ကျွန်တော်တို့ဆေးရုံမှာ အပြည့်အဝပေးထားပါတယ်။

မေး။ ဆရာကြီးအနေနဲ့ ပြည်သူကို ဘယ်လိုသတင်းစကားတွေ ပေးချင်ပါသလဲ။

ဖြေ။ JE ရောဂါဟာ ခြင်ကိုက်၍ဖြစ်တာပါ။ ခြင်မှာလည်း ကျူးလက်(စ်) ခြင်အမျိုးအစားကိုက်လို့ ဖြစ်တာပါ။ ဒါကြောင့် ခြင်မကိုက်အောင်နေကြပါ။ ခြင်မပေါက်ပွားအောင် ဆောင်ရွက်ကြပါ။ ကလေးတွေဖျားလာရင် လည်း ဆေးရုံဆေးခန်းတွေက ဆရာဝန်တွေ၊ ကျွမ်းကျင်တဲ့ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ သွားပြကြပါ။ သူတို့ရဲ့ ညွှန်ကြားချက်တွေကို လိုက်နာကြပါလို့ ပြောကြားပေးလိုပါတယ်။

စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာလှမူ(ပြည်နယ်ကလေးအထူးကုဆရာဝန်ကြီး)နှင့် တွေ့ဆုံမေးမြန်းခြင်း

မေး။ ယခု ရခိုင်ပြည်နယ်မြို့နယ်အချို့မှာ ဖြစ်ပွားနေတဲ့ ဂျပန်ဦးနှောက်ရောင်ရောဂါဟာ ကူးစက်မြန်တယ်။ အသက်ဆုံးရှုံးမှု မြန်တယ်ဆိုတာ ဟုတ်ပါသလား။

တွေ့ဆုံမေးမြန်း-လေးဝတီထွန်းစောခိုင်

ဖြေ။ ဒီရောဂါဟာ ကူးစက်မြန်တယ်ဆိုတာက ခြင်ကနေတစ်ဆင့် ဗိုင်းရပ်(စ်)ပိုးသယ်လာတယ်။ ဒီဗိုင်းရပ်(စ်)ဟာလည်း သွေးလွန်တုပ်ကွေးရောဂါကိုဖြစ်စေတဲ့ ပလေဘီဗိုင်းရပ်(စ်)အုပ်စုကြီးရဲ့အောက်မှာ တစ်ခုတည်းဖြစ်ပါတယ်။ ရောဂါပြင်းထန်ပြီး ကုသမှုနောက်ကျရင် သေတတ်ပါတယ်။ အန္တရာယ်ရှိပါတယ်။

မေး။ ဒီဂျပန်ဦးနှောက်ရောင်ရောဂါရဲ့ လက္ခဏာတွေက ဘယ်လိုပါလဲ။

ဖြေ။ ဒီရောဂါဟာ စစချင်းတော့ သာမန်အအေးမိတုပ်ကွေးရောဂါတွေနဲ့ ဆင်ပါတယ်။ နှာစေးမယ်၊ ဖျားမယ်၊ ခေါင်းကိုက်မှုတွေဖြစ်မယ်။ ကွာခြားချက်ကတော့ ကလေးတစ်ယောက်နဲ့တစ်ယောက် ကွာခြားချက်ပေါ်မှာမူတည်ပြီးတော့ နှစ်ရက်သုံးရက်အကြာမှာ အပြင်းဖျားလာမယ်။ တက်လာမယ်။ နောက်ပြီးဦးနှောက်ရောင်တဲ့ လက္ခဏာဖြစ်တဲ့ အကြောတွေဆွဲလာမယ်။ သတိလစ်ခြင်းတွေ ဖြစ်တတ်ပါတယ်။

မေး။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုကွာခြားပါသလဲ။

ဖြေ။ တစ်ယောက်နဲ့တစ်ယောက် မတူတာက အဲဒီလိုမျိုးဖြစ်ပြီးသွားတော့ အကောင်းပကတိပြန်ကောင်းသွားတဲ့ကလေးတွေ ရှိသလို၊ တချို့လည်း ဆုံးသွားပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရဆိုရင် ဒီရောဂါဖြစ်လာရင်တော့ သေဆုံးမှုနှုန်းဟာ ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းထိရှိပါတယ်။ ကုသမှုအပိုင်းတွေမှာလည်း သာမန်ဗိုင်းရပ်(စ်)ပိုး၊ ဗက်တီးရီးယားပိုးတွေကို သတ်တဲ့နည်းတွေနဲ့မဟုတ်ဘဲနဲ့ ရောဂါလက္ခဏာအရ ဖြစ်ပေါ်လာတဲ့ အချက်တွေကို မူတည်ပြီးတော့မှ ကုသရပါတယ်။

မေး။ ကာကွယ်လို့ရတဲ့နည်းတွေရော ရှိပါသလား။

ဖြေ။ ရောဂါကာကွယ်ဆေးတွေက ရှိပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့ ကာကွယ်ဆေးထိုးစီမံချက်တွေမှာ ဒီဆေးတွေက မပါနိုင်သေးပါဘူး။ တင်တော့ တင်ပြထားကြပါတယ်။ မကြာခင်နှစ်တွေမှာတော့ ပါလာမယ်ထင်ပါတယ်။ ဒါကြောင့် အထူးသဖြင့် ခြင်အကိုက်မခံပါနဲ့။ ခြင်မပေါက်နိုင်အောင် ရေအိုင်တွေ၊ ရေစီးကြောင်းတွေကို ရေစီးရေလာကောင်းအောင် ဆောင်ရွက်ကြပါ။ ခြင်အန္တရာယ်ကာကွယ်ရေးဟာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။

မေး။ ဒီရောဂါဟာ ဘယ်လိုရာသီတွေမှာအများဆုံးဖြစ်တတ်ပါသလဲ။

ဖြေ။ ရာသီဆိုတာကတော့ ခြင်ကိုက်ရင်ဘယ်အချိန်မဆို ဖြစ်တတ်ပါတယ်။ အဲဒီကျူးလက်(စ်)ခြင်ပေါက်ပွားတတ်တဲ့ မိုးရာသီတို့၊ ဆောင်းအကုန်နွေအကူးရာသီတွေဆို ပိုပြီးသတိထားရပါမယ်။

မေး။ ဒီ JE ရောဂါဟာ ဦးနှောက်အမြှေးရောင်တာလား၊ ဦးနှောက်တစ်ခုလုံး ရောင်တာပါလား။

ဖြေ။ ဦးနှောက်တစ်ခုလုံးရောင်တာပါ။ ဒါကြောင့် ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis) JE လို့ခေါ်တာပေါ့။ တော်တော်အန္တရာယ်ရှိတဲ့ ရောဂါပါ။

မေး။ ဒီရောဂါဟာ ကလေးတွေမှာ ဖြစ်တတ်သလို လူကြီးတွေမှာလည်း ဖြစ်နိုင်ပါသလား။

ဖြေ။ အဲဒီရောဂါပိုးပါတဲ့ ကျူးလက်(စ်)ခြင်ကိုက်ရင် ကလေးတွေရော လူကြီးတွေပါ ဖြစ်တတ်ပါတယ်။ အသက်အရွယ်ကိုလိုက်ပြီး ဖြစ်တာမဟုတ်ပါဘူး။

မေး။ ဆေးရုံကဆင်းသွားတဲ့ ကလေးတွေရဲ့အခြေအနေကို သိလိုပါတယ်။

ဖြေ။ အဲဒီ JE ရောဂါဖြစ်လို့ ဆေးရုံတက်လာပြီးတော့ ရောဂါသက်သာလို့ ဆေးရုံကဆင်းသွားတဲ့ကလေးခုနစ်ဦးရှိရာမှာ ငါးဦးဟာ စကားမပြောနိုင်သေးပါဘူး။

ပညာပေးရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးဆောင်ရွက်

ရောဂါဖြစ်ပွားရာမြို့နယ်များသို့ ပြည်နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှလည်းကောင်း၊ ၎င်းမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများမှ လည်းကောင်း သွားရောက်ကာ ပညာပေးရေးလုပ်ငန်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ဆေးရုံတက်လူနာများအား စစ်တွေဆေးရုံကြီးနှင့်သက်ဆိုင်ရာ မြို့နယ်များတွင် ကုသပေးလျက်ရှိကြောင်း သိရသည်။

ခြင်အန္တရာယ် ကာကွယ်ရန်လို

ဂျပန်ဦးနှောက်ရောင် (Japanese Encephalitis)JE ရောဂါသည် ကျူးလက်(စ်) (Culex tritaeniorhynuhus) ခြင်မျိုး ကိုက်ခြင်းမှ ဖြစ်ပွားနိုင်ပြီး ၎င်းခြင်များသည် လယ်ကွင်းများ၊ ရေအိုင်များတွင် ပေါက်ပွားတတ်ကြောင်း၊ ညအချိန်ကိုက်တတ်ကြောင်း၊ နေရာရွှေ့ပြောင်းတတ်သော ငှက်ရိုင်းများမှ တစ်ဆင့် ၎င်းငှက်များကိုခြင်ကိုက်ရာမှလည်းကောင်း၊ ၎င်းခြင်များမှ အိမ်မွေးဝက်များ နွားများကိုကိုက်ခြင်းမှလည်းကောင်း၊ ယင်းခြင်များ လူကိုကိုက်ခြင်းမှလည်းကောင်း ရောဂါပြန့်ပွားတတ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ယခုအခါ ကျေးလက်တောရွာများတွင်ပါ ဖြစ်ပွားနေသဖြင့် ခြင်အန္တရာယ်ကို အထူးကာကွယ်ရန်လိုအပ်ကြောင်း သိရသည်။

မှုခင်းသတင်းတိုများ

ရေးမြို့နယ်၌ လင်မယားစကားများရန်ဖြစ်စဉ် ဝင်ရောက်ဟန့်တားသူ ဓားထိုးခံရ

ရေး ဇူလိုင် ၃၀

ဇူလိုင် ၂၈ ရက် ည ၈ နာရီခွဲက ရေးမြို့နယ် အစင်ကျေးရွာအုပ်စု ခမင်းဆိပ်ကျေးရွာနေ ဒေါ်စန္ဒာအေး (၄၂ နှစ်)သည် မိသားစုများနှင့်အတူ နေအိမ်၌ရှိနေစဉ် တစ်အိမ်ကျော်ရှိ သမီးဖြစ်သူ မနွယ်နွယ်အောင်နှင့် ခင်ပွန်းတို့ စကားများရန်ဖြစ်နေ၍ ဒေါ်စန္ဒာအေးက ရန်မဖြစ်ရန် သားမက်ဖြစ်သူ မောင်ဇော်နှင့် သွားရောက်ဟန့်တားခဲ့သည်။ ထိုစဉ် မင်းဇော်က ဆဲရေးတိုင်းထွာသဖြင့် ဒေါ်စန္ဒာအေးက တုတ်ဖြင့်ရိုက်ရန်ပြုစဉ် မင်းဇော်က ဓားမြှောင်နှင့်ထိုးသဖြင့် အနီးရှိ မောင်ဇော်က ဝင်ရောက်ဟန့်တားခဲ့ရာ မောင်ဇော်၏ ဝမ်းဗိုက်ယာဘက်ခြမ်း နံရိုးအောက်၌ ထိုးသွင်းဒဏ်ရာရရှိခဲ့၍ မောင်ဇော်အား ရေးမြို့ ပြည်သူ့ဆေးရုံမှတစ်ဆင့် မှုခင်းဆေးစာဖြင့် မော်လမြိုင်ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားကြောင်း သိရသည်။ ဒေါ်စန္ဒာအေး၏ တရားလိုပြုလုပ် တိုင်ကြားချက်အရ မင်းဇော်အား ရေးရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ပေါင်းတည်၌ ခတ်ကြိုးကိုင်မိရာမှ ခတ်လိုက်သေဆုံး

ပေါင်းတည် ဇူလိုင် ၂၉

ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ပေါင်းတည်မြို့နယ် ဘုရားငါးဆူအုပ်စု အုန်းသုံးပင်ရွာ(ခမ၊ မပည GR-665498)တွင် မသီတာအေး (၂၆ နှစ်)သည် ကျေးရွာတွင်းသို့ စက်ဘီးဖြင့် ဈေးလှည့်လည်ရောင်းနေစဉ် အုန်းသုံးပင်ရွာနေ ဦးဝင်းဌေး၏ ခြံဝင်းထဲသို့အရောက် စက်ဘီးလဲကာ မြေပေါ်တွင်ကျနေသော ဓာတ်ကြိုးအားကိုင်မိရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်းတည်မြို့နယ် မြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားရှိပြီး သေဆုံးသူမသီတာအေးမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

တောင်ငူ၌ ဓားဒဏ်ရာများဖြင့် လူသေအလောင်းတွေ့

တောင်ငူ ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စပါးကွယ်ကျေးရွာအုပ်စု ကြူအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးတောစပ်တွင် ဓားဒဏ်ရာများနှင့် လူသေအလောင်းကို ဇူလိုင် ၂၆ရက် ညနေ ၇ နာရီခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။ တောင်ငူမြို့အနောက်ဘက် ၁၆မိုင်ခန့်အကွာရှိ ကြူအင်းကျေးရွာတောင်ဘက် ဘုန်းတော်ကြီးကျောင်းအနီး လူသွားလမ်းတောစပ်တွင် ဓားဒဏ်ရာများဖြင့် လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးဇော်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကြူအင်းကျေးရွာနေ ဦးကြည် (၈၀နှစ်)ဆိုသူသည် မိုးကာခြုံပြီး မှောက်လျက်အနေအထားဖြင့် သေဆုံးနေကြောင်းတွေ့ရှိရသည်။ အဆိုပါအမှုဖြစ်စဉ်အား တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

(LL.B, D.B.L)

[illegible]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲလုပ်ငန်းလမ်းညွှန်များအား ပုံနှိပ်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ၅၀၀၀/-(ငါးထောင်ကျပ်တိတိ)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံ ဖြစ်ရပါမည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌထံလိပ်မူ၍ ၈-၈-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထားပြီး လာရောက်ပေးသွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၂၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပဒါန်ရေကျော်ကျေးရွာ၊ ကွင်းအမှတ် ၁၅၃၊ ကွင်းအမည် ဘုရားငူ၊ ဦးပိုင်အမှတ် ၃၉/၁၊ ဧရိယာ ၂ ဒသမ ၀၉ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ် ၀ ဒသမ ၂၄ ဧကရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ ထင်းစုကျေးရွာ၊ တွံတေး-လှိုင်သာယာလမ်း၊ အမှတ် ၃၉/၁ ဟုခေါ်တွင်သည့် အိမ်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဂျမ်းဘုံ ၁၂/တတန(နိုင်)၀၆၅၂၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ငွေလုံးငွေရင်းအသုံးစရိတ်လုပ်ငန်းများ ကျောက်ပန်းတောင်းစည်ပင်အိတ်ဖွင့်တင်ဒါခေါ်

ကျောက်ပန်းတောင်း ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာအဖွဲ့၏ ၂၀၁၄-၂၀၁၅-ဘဏ္ဍာနှစ် ငွေကျပ်သိန်း ၅၀ နှင့်အထက် ငွေလုံးငွေရင်း အသုံးစရိတ်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါရောင်းချပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးက တင်ဒါစည်းကမ်းများကို ရှင်းလင်းပြောကြားကာ အိတ်ဖွင့်တင်ဒါရောင်းချခြင်း၊ မှတ်တမ်းတင်ခြင်းများကိုဆောင်ရွက်ကြသည်။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၂ ဖွဲ့နှင့် မြို့နယ်ခွဲတစ်ဖွဲ့တို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံး စရိတ်ဖြင့်ဆောင်ရွက်မည့် ကျပ်သိန်း ၅၀ နှင့်အထက် လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါသွင်းရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ အိတ်ဖွင့်တင်ဒါစိစစ်ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း၊ ကော်မတီအဖွဲ့ဝင် ဦးဆန်းဝင်းအောင်၊ တင်ဒါရောင်းချရေးအဖွဲ့ဝင်ဦးသက်ထားမောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ပြည့်နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နေအောင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သမဝါယမချေးငွေ ကျပ်ငါးသိန်းအထိ တိုးမြှင့်မည်

ဂန့်ဂေါ ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် သမဝါယမဝန်ကြီးဌာန၏ အစီအမံဖြင့် အခြေခံသမဝါယမအသင်းများမှ အသင်းသားများကို ထုတ်ချေးပေးလျက်ရှိသော သမဝါယမအသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) ကို စံနှုန်းသတ်မှတ်ချက်နှင့်ကိုက်ညီသော သမဝါယမအသင်းများမှ အသင်းသားတစ်ဦးလျှင် ငွေကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးခြင်းကို အောက်တိုဘာလမှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

သမဝါယမအသင်းသားတစ်ဦးလျှင် သမဝါယမအသေးစားအရင်းအနှီးချေးငွေကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးမည်ဟု ဆိုရာတွင် သမဝါယမအသင်းအားလုံးမှ အသင်းသားအားလုံးကို ထုတ်ချေးပေးသွားမည်မဟုတ်ဘဲ စံနှုန်းသတ်မှတ်ချက်နှင့်ကိုက်ညီသော အသင်းနှင့်အသင်းသားများကိုသာ စိစစ်ရွေးချယ်တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ စံနှုန်း သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ရွေးချယ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစု၊ မြို့နယ်အထောက်အကူပြုအဖွဲ့တို့မှ ကိုယ်စားလှယ်များ ပါဝင်သော ချေးငွေစိစစ်ရေးအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်မည်ဖြစ်ကြောင်း၊ ချေးငွေတိုးမြှင့်ရယူလိုသူသည် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပြီး ငွေကြေးအရင်းအနှီးလိုအပ်နေသူ ဟုတ်မဟုတ်၊ ရရှိလာသည့် ချေးငွေကို လုပ်ငန်း၌ အမှန်တကယ် ရင်းနှီးမြှုပ်နှံအသုံးချပြီး လုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာ ရှိ မရှိ၊ အမှုဆောင်နှင့် အသင်းသား၏ စိတ်ဓာတ်၊ အရည်အချင်းကောင်းမွန်မှု၊ နာမည်ပျက်မရှိမှု၊ စည်းလုံးညီညွတ်မှု စသည့် စံနှုန်းသတ်မှတ်ချက်များဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ ဦးစီးမှူးတစ်ဦးက ပြောကြားသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဝန်ထမ်းများ၊ အသင်းအမှုဆောင်များ၊ အသင်းများအား သမဝါယမပညာပေးရေးလုပ်ငန်းများကို ကျယ်ပြန့်စွာပြုလုပ်လျက်ရှိပြီး သမဝါယမအသင်းများမှ အသင်းသားများအား အသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးခြင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းတို့ဖြင့် သမဝါယမလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော သမဝါယမအသင်း၊ အသင်းသားများအား သမဝါယမအသေးစားအရင်း အနှီးချေးငွေ (Micro Capital Loan) ငွေကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးသွားမည့် လုပ်ငန်းကို အောက်တိုဘာလမှစတင်ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ မြို့နယ်များမှသမဝါယမအသင်းများကို လွှမ်းခြုံမိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ဆရာအတတ်ပညာတိုးတက်ရေး ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ အလုပ်ရုံဆွေးနွေး

သထုံ ဇူလိုင် ၂၉

ဆရာအတတ်ပညာများ တိုးတက်ရေးနှင့် သင်ကြားမှုစွမ်းရည်များပိုမိုတိုးတက်ပြီး ထိရောက်စွာ သင်ကြားနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကွန်ပျူတာတက္ကသိုလ်(သထုံ) တွင် ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝင်းဌေးက မိတ်ဆက်စကားပြောကြားပြီး မော်လမြိုင်ပညာရေးကောလိပ်မှ ဌာနမှူး(စီမံ) ဒေါ်မြင့်ဝင်းနှင့် ဌာနမှူး(လေ့ကျင့်) ဒေါ်မြင့်မြင့်စန်းတို့က ဦးဆောင်ကာ ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ဆရာ ဆရာမများနှင့် သင်ကြားမှု၊ သင်ယူမှုဖွံ့ဖြိုးရေးအခန်းကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရေး နည်းလမ်းများ၊ ဆရာများ သင်ကြားမှုစွမ်းရည်တိုးတက်ရေးနှင့် ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ဆိုင်ရာများ၊ စာသင်ကြားမှုတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများရရှိရေးဆိုင်ရာများ စသည့်ကိစ္စရပ်များကို ပူးပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို ကွန်ပျူတာတက္ကသိုလ်(သထုံ)နှင့် မော်လမြိုင်ပညာရေးကောလိပ်တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၂၆ မှ ဩဂုတ် ၃၀ ရက်ထိ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သတင်းတို

မုံရွာ၌ထရန်စဖော်မာများတပ်ဆင်

မုံရွာမြို့ နန္ဒာဝန်ရပ်ကွက်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ပံ့ပိုးသည့် ၃၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ရပ်ကွက်နေပြည်သူများက ထောက်ပံ့လှူဒါန်းမှုဖြင့် ဇူလိုင် ၁၈ ရက်က စတင်တပ်ဆင်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။ **နေလင်းအောင်(မုံရွာ)**

CHINDWIN EDUCATION EXHIBITION 2014
Grand Ball Room, Chatrium Hotel 9 am to 11 am, 1 August 2014

CHINDWIN COLLEGE
helping you engineer your future

PEARSON

- မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Pearson နဲ့ ချင်းတွင်းကောလိပ် တာဝန်ရှိသူတွေက ချင်းတွင်းကောလိပ်ကတဆင့် ရယူနိုင်တဲ့ ပညာရေးအခွင့်အလမ်းတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။
- ချင်းတွင်းကောလိပ်ကျောင်းသားတွေ Diploma အတွက် တင်သွင်းရတဲ့ project တွေကိုလဲ ပြသထားမှာ ဖြစ်ပါတယ်။
- ချင်းတွင်းမှာ လက်ရှိသင်ကြားနေတဲ့ ဆရာတွေ၊ ချင်းတွင်းမှာ လက်ရှိတက်ရောက်နေတဲ့ ကျောင်းသားတွေ၊ ချင်းတွင်းက ကျောင်းပြီးပြီး နိုင်ငံတကာ တက္ကသိုလ်တွေမှာ နောက်ဆုံးနှစ် တက်ရောက်နေကြတဲ့ ကျောင်းသားတွေ၊ ချင်းတွင်းက ကျောင်းပြီးပြီး လုပ်ငန်းခွင် ဝင်နေကြပြီဖြစ်တဲ့ လူငယ်တွေနဲ့ တိုက်ရိုက်တွေ့ဆုံပြီး သိချင်တာတွေ မေးမြန်းဆွေးနွေးနိုင်မဲ့ အခွင့်အရေး ဖြစ်ပါတယ်။
- နေရာအကန့်အသတ်ရှိလို့ တက်ရောက်ဖို့ စိတ်ဝင်စားရင် ကြိုတင်စာရင်းပေးသွင်းထားစေချင်ပါတယ်။
- ပွဲအတွင်းမှာ ကျောင်းတက်ဖို့ စာရင်းသွင်းတဲ့လူတွေကို Special Discount ပေးမှာ ဖြစ်ပါတယ်။

RSVP : 01 - 298 137, 297 673
www.facebook.com/chindwincollege

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး

မုံရွာ ဖေဖော်ဝါရီ ၂၉

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၈၆ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း (၁၀)ခုကို လွှတ်တော်ကိုယ်စားလှယ်ကိုးဦးက မေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ကလေးမြို့၊ တမူးမြို့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲဖော်ဆောင်ရေးနှင့် စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာ အဆင့်မြှင့်တင်ရေးနှင့် ကမ်းနားလမ်းရှိ အဆောက်အအုံဟောင်းများတွင် မြို့ပြဖွံ့ဖြိုးရေး အလားအလာများ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် အဆိုကို တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လွှတ်တော်သို့ တင်သွင်းခြင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကလေးခရိုင်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို ညနေ ၃နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၃၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၅၂၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၉၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၁၅၀၀-၂၈၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၈၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၃-၉၈၀
ဥရောပ	တစ်ယူရို	၁၃၂၀-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂၅-၃၀.၇
အိန္ဒိယ	တစ်ရူပီး	၁၄.၃၂-၁၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်တော်)	တစ်အိတ်	၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၆၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၇၀၀
ကြက်သွန်ဖြူ(ကြက်တွက်)	တစ်ပိဿာ	၁၂၇၀-၁၃၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၃၂၀-၆၈၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၄၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

တောင်ငူဒေသထွက် ရှမ်းဝါးတီးပြောင်းဈေးကောင်း

တောင်ငူ ဇူလိုင် ၂၉

တောင်ငူခရိုင်အုတ်တွင်းမြို့နယ် ရှမ်းဝါးတီးကျေးရွာအနီးရှိ ကျေးရွာများမှ

ထွက်ရှိသော ပြောင်းဖူးများသည် ယခုနှစ်ဇူလိုင်လ နောက်ဆုံးပတ်မှစတင်ကာ ရန်ကုန်နှင့်မြို့နယ်ကြီးများမှ အဝယ်များသဖြင့် ပြောင်းဖူးဈေးအဖူး ၁၀၀ လျှင်ငွေကျပ် ၁၀၀၀မှ ၁၅၀၀ အထိမြင့်တက်ခဲ့ကြောင်း တောင်ငူမြို့ အဝယ်ဒိုင်များနှင့် ပြောင်းစိုက်တောင်သူများထံမှ သိရသည်။ပြောင်းစိုက်တောင်သူများသည် ပြောင်းဖူးအဖြူမျိုးနှင့် အဝါမျိုးကို အများဆုံးစိုက်ပျိုးကြပြီး မျိုးစေ့တစ်ဘူးလျှင် ငွေကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အထိပေးကာ စိုက်ပျိုးရကြောင်း၊ တစ်ဧကကုန်ကျစရိတ်ငွေကျပ်၂၀၀၀၀ ခန့်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။ယမန်နှစ်က ပြောင်းဖူးပေါ်ချိန်တွင် ပြောင်းဖူးတစ်ဖူးလျှင်ငွေကျပ် ၅၀ ခန့်ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ်တွင် ငွေကျပ် ၄၀ ခန့် အထိကျဆင်းခဲ့ရာ ပြောင်းဖူးဈေးသည် ယခုရက်ပိုင်း တစ်ဖူးလျှင် ငွေကျပ် ၅၀ မှ ၈၀ အထိ မြင့်တက်ခဲ့ပြီး စစ်တောင်းမြစ်ကမ်းပါးကျေးရွာများ ဖြစ်သော ရှမ်းဝါးတီး၊ ခေါင်ရမ်း၊ ဒိုးသောင်၊ ဇီးဖြူသောင်ကျေးရွာများမှ ထွက်ရှိသော ပြောင်းဖူးများသည် တောင်ငူမြို့ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ နေပြည်တော်၊ မော်လမြိုင်နှင့် မြို့ကြီးများသို့ တစ်ရက်လျှင် ၁၀ ဘီးကားလေးငါးစီးဖြင့် တင်ပို့ရောင်းချနေရကြောင်း တောင်ငူမြို့ အရောင်းပွဲရုံ ပိုင်ရှင်များထံမှ သိရသည်။

သူရ(တောင်ငူ)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မေတ္တာရိပ်(အခမဲ့)နာရေးကူညီမှုအသင်း၏ (၃)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်ပွဲကို ဇူလိုင် ၂၆ ရက်က အသင်းရုံး၌ ကျင်းပရာ နာရေးကိစ္စများတွင် သံဃာတော်များပင့်ဆောင်ရေးယာဉ်အား အလှူရှင် ကလေးမုန့်တိုက်မိသားစုက ငွေကျပ် ၅၃သိန်းတန်ဖိုးရှိ **Super Custom**ယာဉ်ကိုအသင်းဥက္ကဋ္ဌသို့ပေးအပ်လှူဒါန်းစဉ်။ (ဝ၂၁)

Wheel Chair ဆိုင်ခုံပါ

ကားရနိုင်ပါသည်။

BBB ဘီသုံးလုံးကားရောင်းဝယ်ရေးဝင်တာ

Phone: 09-7320-7777

ဆရာငွေ အင်္ဂလိပ်စာသင်တန်း

Guide

Ph: 01-375970, 0951 72096, 0950 47516

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူလတ် သင်္ဘောသားမှတ်ပုံတင်အမှတ်76828၏ 4-Ticket အမှတ် (7839/11)လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၂၁၀၃၃**

(ဗိုက်မရစ် ဗိုက်မနာနဲ့ ဝမ်းသွားရတာ အားရလိုက်တာ ရှင်းပြီး ပေါ့သွားတာပဲ)လို့ ခံစားပြီး နေ့သစ်ကို ကြိုဆိုလိုက်ပါ။ **စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး**

CLAIMS DAY NOTICE
M.V MARINE RELIANCE VOY:NO(2)

Consignees of cargo carried by M.V MARINE RELIANCE VOY: NO. (2) are here by notified that the vessel will arrive on about 1-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

TGI Golden Palace Construction Co., Ltd. ၏
Managing Director ဖြစ်သူ ဦးသန့်ဇင်(ခ)Toroun ထံမှ
အိမ်ခန်းဝယ်ယူထားသူများနှင့် အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၅၀၀)နေ ဒေါ်လီဟွေရှော့(ခ)ဒေါ်စန္ဒာအောင် ၁၃/ကခန(နိုင်)၀၁၈၁၅၄ က အောက်ပါအတိုင်း အများသိစေရန်ကြော်ငြာအပ်သည်မှာ-

ကျွန်မပိုင်ဆိုင်သည့် မြေကွက်ဥပစာပေါ်တွင် ကန်ထရိုက်တာဦးသန့်ဇင်နှင့် အခန်းပေးအခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူခဲ့ပြီး ကန်ထရိုက်တာက ကတိပြုထားသော အဆောက်အအုံကို ပြီးစီးအောင်ဆောက်လုပ်ပေးခြင်းမပြုဘဲ အကြိမ်ကြိမ် ပျက်ကွက်နေသည့်အတွက် ၎င်းအားကန်ထရိုက်တာအဖြစ်မှနုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်လိပ်စာပါ မြေကွက်ဥပစာပေါ်တွင် ဆောက်လုပ်စဲတိုက်တွင် ဦးသန့်ဇင်ထံမှ တိုက်ခန်းဝယ်ယူထားသူများအနေဖြင့် နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် ရှုပ်ထွေးမှုများမဖြစ်ပေါ်စေရန်အတွက် ဤအကြောင်းကြားစာပါသည့်ရက်မှ ရက်သတ္တတစ်ပတ်ခုနစ်ရက်အတွင်း အထောက်အထားများနှင့်တကွ ကျွန်မထံသို့ လာရောက်ညှိနှိုင်းဖြေရှင်းကြပါရန် အသိပေးကြော်ငြာလိုက်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် တစ်စုံတစ်ရာ လာရောက်ညှိနှိုင်းဖြေရှင်းခြင်းမပြုပါက ဖြစ်ပေါ်လာသည့်အကျိုးဆက်သည် ပျက်ကွက်သူများထံတွင်သာ တာဝန်ကျရောက်လိမ့်မည်ဖြစ်ပါကြောင်း ထပ်ဆင့်ကြော်ငြာလိုက်ပါသည်။

လီဟွေရှော့(ခ)စန္ဒာအောင် ၁၃/ကခန(နိုင်)၀၁၈၁၅၄

စာအုပ်စာပေ လူ့မိတ်ဆွေ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့

လေလံအစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း(၁)၊ (အင်းဝလမ်းနှင့် ရန်ကုန်-မန္တလေးမီးရထားလမ်းဘေးရှိ) စက်မှုမြေကွက် (၂၉)ကွက်အနက်မှ လေလံတင်ထပ်မံတင်ရန် လိုအပ်သော အကွက်အမှတ် ၁၇၆(ခန့်မှန်း ၂ ဒသမ ၈၁၂၈ဧက)ကို နှစ်ရှည်ငှားရမ်း အသုံးပြုနိုင်ရန်အတွက် လေလံစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ စက်မှုလုပ်ငန်း အမှန်တကယ်ဆောင်ရွက်ရန် ငှားရမ်းလိုသူ နိုင်ငံသား/နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(က) စိတ်ဝင်စားကြေးအဖြစ် ငှားရမ်းဆောင်ရွက်မည့် တစ်ဧကအတွက် ကျပ်သိန်း ၁၀၀ နှုန်းပေးသွင်းရပါမည်။ လေလံမအောင်မြင်သူများကို ၎င်းစိတ်ဝင်စားကြေး ပြန်လည် ထုတ်ပေးပါမည်။

(ခ) လေလံအောင်မြင်သော နိုင်ငံခြားသားလုပ်ငန်းရှင်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရရှိပြီးမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။

(ဂ) လေလံအောင်မြင်သူသည် (၅)နှစ်အတွင်း အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ မြေကွက်အား အမည်ပြောင်းလဲခွင့်ရှိမည်မဟုတ်ပါ။

(ဃ) လေလံအောင်မြင်သူသည် စာချုပ်ချုပ်ဆိုသည့်အချိန်မှ (၃)လအတွင်း စက်မှုလုပ်ငန်းများစတင်ဆောင်ရွက်ရပါမည်။

၂။ ၅-၈-၂၀၁၄ ရက်တွင် လေလံပြိုင်ပွဲကျင်းပပါမည်။

၃။ လေလံစည်းကမ်းချက်များကို ၂၈-၇-၂၀၁၄ ရက်မှ ၄-၈-၂၀၁၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဌာနစု(၂)တွင် ရုံးချိန်အတွင်း တစ်စုံလျှင်ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၁၁၃၇၀၊ ၀၁-၂၁၇၅၃၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဝါယာလက် ၃ လမ်း၊ အမှတ် ၃၉၅ ရှစ်ထပ်၊ အဆောက်အအုံ၏ ပဉ္စမထပ် ခြောက်လွှာ၊ ခေါင်းရင်းခန်းတိုက်ခန်းကို ပိုင်ဆိုင်သူ ကိုနိုင်ဦးအောင် ၆/ထဝန(နိုင်)၀၉၇၇၂၇၊ အမှတ် ၁၊ ရွှေနှင်းဆီရိပ်သာလမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်နေသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများ အထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာဝင်း LL.B | **ဒေါ်ရွှေဇင်မင်း LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၁) | **အထက်တန်းရှေ့နေ (စဉ်-၂၇၃၃၉)**

အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၉၈၂၅၊ ၀၉-၄၂၀၀၈၀၃၃၂

စားသောက်ကုန်နှင့်ဆေးဝါးများ အန္တရာယ်ကင်းရှင်းရေးစစ်ဆေး

ကျောက်မဲ ဇူလိုင် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် စားသောက်ကုန်နှင့် ဆေးဝါးများ အန္တရာယ်ကင်းရှင်းရေး၊ သက်တမ်းလွန်စားသောက်ကုန်များ မရောင်းချရေးတို့အတွက် ခရိုင်အဆင့်ဆေးဝါးနှင့် စားသောက်ကုန်ကြီးကြပ်ရေးအဖွဲ့နှင့် ကျောက်မဲမြို့ စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ခရိုင်အဆင့် ဆေးဝါးနှင့် စားသောက်ကုန် ကြီးကြပ်ရေးအဖွဲ့မှ ဦးကျော်ခိုင်စိုးနှင့် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ဈေးအရာရှိ ဒေါ်နှင်းသီတာတို့ ဦးဆောင်လျက် ကျောက်မဲမြို့ ဗဟိုဈေးကြီးအတွင်းအပြင်တွင် ရောင်းချနေသော အိမ်သုံးဆေး ပစ္စည်းဆိုင်များတွင် ရောင်းချနေသော ဆေးများ သက်တမ်းလွန်မှု ရှိ မရှိ၊ စားသောက်ကုန်အရောင်းဆိုင်များတွင် ရောင်းချ နေသော မုန့်ပဲသရေစာများ သက်တမ်းလွန်မှု ရှိ မရှိနှင့် စာသင်ကျောင်းများရှိ မုန့်ဆိုင်များသို့ တရုတ်နိုင်ငံထုတ်မုန့်များကို တင်သွင်းရောင်းချနေသော လက်ကားဆိုင်ကြီးများပေါ်မှ စားသောက်ကုန်နှင့် မုန့်များ သက်တမ်းလွန်မှု ရှိ မရှိတို့ကို စစ်ဆေးခဲ့ပြီး အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး စစ်ဆေးမှုများပြုလုပ်ရန် ဆိုင်ရှင်များနှင့် ညှိနှိုင်းပြီး နမူနာရယူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စားသောက်ကုန်နှင့် ဆေးဝါးများ စစ်ဆေးမှုတွင် ကျောက်မဲခရိုင် ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ဗဟိုဈေးသာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များက ပူးပေါင်းပါဝင်ခဲ့ပြီး ဇူလိုင် ၂၃ ရက်မှ စတင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

မောင်မောင်(ကျောက်မဲ)

ကျောက်မဲမြို့ဗဟိုဈေးရှိ ကုန်စုံဆိုင်တစ်ဆိုင်တွင် စစ်ဆေးနေစဉ်။

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ခရိုင်အဆင့်နှီးနှောဖလှယ်ပွဲကျင်းပ

ဖလမ်း ဇူလိုင် ၂၉

ပညာရေးဝန်ကြီးဌာန၂၀၁၄ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ခရိုင်အဆင့်ဆွေးနွေးပွဲကို ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဇုန်လွယ်ခန်းမ၌ ဇူလိုင် ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် မှာကြားချက်အရ ဖလမ်းခရိုင်အတွင်းအခြေခံပညာဦးစီးဌာန လက်အောက်ရှိ ဝန်ထမ်းအားလုံးသည်လည်း လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကိုခံယူ တည်ဆောက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဦးနိုင်အောင်က နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ် (၅)ရပ်ကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဖလမ်းခရိုင်ရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အထက၊ အလကကျောင်းအုပ်ကြီးများ၊ ဖလမ်းခရိုင် ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့ပေါ်အထကများမှ ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေး

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) စီမံကိန်းမှတာဝန်ရှိသူများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ရက်က ပြုလုပ်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ပူးပေါင်းလုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လပွတ္တာ၌ကျင်းပ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းရေးတို့ကိုရည်ရွယ်၍ လပွတ္တာမြို့နယ် ဆားကျင်းကျေးရွာအုပ်စု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၈ရက်က လပွတ္တာ-သယ်န်းကြီး ကားလမ်းမကြီးဘေး မိုင်တိုင်(၀/၆)၌ ကျင်းပရာ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦး၊ ခရိုင်ဒုရဲမှူးကြီး ဦးငွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းတို့ ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများ၊ ခရိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အထောက်အကူပြုကော်မတီဝင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ အော်ရီးရှား၊ မဟော်ဂနီ၊ ယူကလစ်စသည့် ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဝေါမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရမည့်အချက်များကို အမှတ်(၃) ယာဉ်ထိန်းဒုတပ်ဖွဲ့မှူးရုံး(ပဲခူး)မှ ရဲမှူးထိန်ဝင်းနှင့်တပ်ဖွဲ့ဝင်များက ပညာပေးဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၉၃၃၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

တစ်ဦးတည်း ဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ဒရင်ကောက် ကျေးရွာအုပ်စု၊ ကမာချိုင့်ကျေးရွာနေ (ဦးငွေလှိုင်)၏သား ဦးမောင်ကျော် (ခ) ဦးကျော် (ခ) ဦးကျော်ကြီး ၁၄/ကလန(နိုင်)၀၄၃၃၂၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ညောင်ရွှေမြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံအကောင်အထည်ဖော်လျက်ရှိသည့် အင်းလေးဟိုတယ်ဇုန်တွင် ဟိုတယ်ဆောက်လုပ်ရန် မြေကွက်ဝယ်ယူခွင့်ရရှိပြီး ငွေအကျေပေးသွင်းပြီးသူများအား ယာယီမြေပေးမိန့်နှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါ၍ မြေကွက်ဝယ်ယူထားသည့်လုပ်ငန်းရှင်များအားလုံး အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

ကျင်းပမည့်ရက် - ၂-၈-၂၀၁၄ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - မြို့တော်ခန်းမ၊တောင်ကြီးမြို့

အင်းလေးဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ် (၅/၆) အောင်ဆန်းလမ်း သဲပုံဆိပ်ဈေး၊ "ရွှေဥ အာမခံရတနာရွှေဆိုင်" သို့ သတိပေးကြေညာချက်

[illegible]

ရွှေဥ အာမခံ ရတနာရွှေဆိုင်

[illegible]

B.A.(Law), LL.B. [illegible]

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES
SQFT
စိတ်ဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလာရောက်
လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ် အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

တစ်ကေလျှင် အမြတ်ငွေကျပ် ရှစ်သိန်းကျော်ရမည့် ငွေချည်(၆)ဝါ တောင်သူများအတွက် စိုက်ပျိုးသင့်သော စက်မှုသီးနှံတစ်ခုဖြစ်

မြင်းမူ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မိုးကြိုငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်း တောင်သူပညာပေးကွင်းပြပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က ပျော့ရွာကျေးရွာကွင်းအမှတ်(၃၇၆) တောင်သူဦးအောင်တင့်၏ တစ်ဆက်တစ်စပ်တည်း ၁၀ ဧကဝါစိုက်ခင်း၌ ကျင်းပသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က တောင်သူများသို့ဌာနမှ ပံ့ပိုးနိုင်မှု၊ လယ်ယာမြေများရရှိအောင် စီမံဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဦးက စိုက်ပျိုးရေးနည်းစနစ်များနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးနိုင်မှုနှင့် ပိုးသတ်ဆေးသုံးစွဲမှု နည်းပညာကိုလည်းကောင်း တောင်သူများသို့ ရှင်းလင်းဆွေးနွေးတင်ပြသည်။ မြင်းမူမြို့နယ်အနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဝါစိုက်ပျိုးရန် ဧက ၁၉၂၀၀ လျာထား ဆောင်ရွက်လျက်ရှိရာ ၇၄၇၄ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဝါစိုက်တောင်သူ ဦးအောင်တင့်၏ ပြောပြချက်အရ ဝါတစ်ဧကအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၅၀၀၀၀ ခန့်ရှိကြောင်းနှင့် ဝါအထွက်မှာ တစ်ဧကပျမ်းမျှ ၁၁၈၉ ပိဿာ ထွက်ရှိမည်ဖြစ်၍ ယခုပေါက်ဈေး တစ်ပိဿာ ငွေကျပ် ၁၂၀၀ နှင့် တွက်ပါက ငွေကျပ် ၁၄၂၆၈၀၀ ရရှိမည်ဖြစ်၍ တစ်ဧကလျှင် အကျိုးအမြတ်ငွေကျပ် ၈၃၉၀၀၀ ရရှိမည်ဖြစ်သဖြင့် ငွေချည်(၆)ဝါမှာ တောင်သူများအတွက် အလွန်စိုက်ပျိုးသင့်သော စက်မှုသီးနှံ တစ်ခုဖြစ်ကြောင်းနှင့် တောင်သူများကိုလည်း စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

၄င်းဝါစိုက်ခင်းသို့ မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝါစိုက်တောင်သူ ၇၅ ဦးခန့် တက်ရောက်လေ့လာကြပြီး နည်းပညာများ ရယူခဲ့ကြကြောင်း သိရသည်။ မြင်းမူမြို့နယ်သည် (FAO)က ချီးမြှင့်သော မိုးနှောင်းချည်မျှင်ရှည်ဝါ ထူးချွန်မြို့နယ်ဆုအဖြစ် ခြောက်ကြိမ်ရရှိခဲ့ပြီး ဖြစ်ကြောင်းလည်း သိရသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံဝါစိုက်တောင်သူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

ဇူလိုင် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး၌ အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ခေါ်ခင်သက်ဌေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး အရန်သားဖွားဆရာမများအား ဝတ်စုံများ ပေးအပ်စဉ်။

မီးမီး(လှိုင်)

လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ပုလဲ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်းမိုင် (၂၈/၇) နှင့်(၃၂/၃)ကြား (၃မိုင် ၄ဖာလုံ)ရှိ ၁၂ ပေအကျယ် ကတ္တရာလမ်းကို ၁လက်မ-၂လက်မ ကျောက်သိပ်သည်းပြီး ၃လက်မထု ခင်းကြိတ်ထပ်ပိုးလွှာတင်၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကတ္တရာလမ်းတစ်ဖက်တစ်ချက် ၂လက်မ-၄လက်မ ကျောက်ဖြင့် ၄ပေ အကျယ် ၉လက်မထုအမာခံလမ်း ပခုံးခင်းကြိတ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၂၈၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးကျော်လင်းက "ယခင်က လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ခရီးသွားပြည်သူများ သွားလာရာမှာ အဆင်ပြေချောမွေ့မှု မရှိပေမယ့် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းအထူးအဖွဲ့တွေက လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကြောင့် မကြာတော့မယ့်ကာလမှာ ချင်းတောင်တန်းနဲ့ပြည်မရှိ မိဘပြည်သူတွေဟာ အချိန်တိုအတွင်းမှာ သာယာဖြောင့်ဖြူးပြီး အန္တရာယ်ကင်း ဘေးရှင်းစွာနဲ့ သွားလာနိုင်တော့မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မော်တော်ယာဉ်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း ဖွင့်လှစ်မည်

မိတ္ထီလာ ဇူလိုင် ၂၉

မိတ္ထီလာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ စက်တင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ မော်တော်ယာဉ်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်းတို့ကို ၁၂ ပတ်ကြာ ဖွင့်လှစ်ရန်ရှိကြောင်း သိရသည်။

သင်တန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းများသို့ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

မော်တော်ယာဉ်ပြင်သင်တန်းကို သင်တန်းသား ၃၀ နှင့် လျှပ်စစ်ဂဟေသင်တန်းကို သင်တန်းသား ၂၀ တို့ဖြင့်ဖွင့်လှစ်မည်ဖြစ်ပြီး မော်တော်ယာဉ်သင်တန်းတွင် အင်ဂျင်ပိုင်း၊ ချက်ဆီပိုင်း၊ လျှပ်စစ်ပိုင်းပြင်ဆင်ထိန်းသိမ်းနည်းများ၊ အလုပ်ရုံနှင့် စက်မှု ပုံဆွဲဘာသာရပ်တို့ကို လည်းကောင်း၊ လျှပ်စစ်ဂဟေသင်တန်းတွင် အခြေခံသင်္ချာ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အခြေခံလျှပ်စစ်ပညာ၊ အခြေခံ သတ္တုဗေဒ၊ လျှပ်စစ်ဂဟေ၊ အခြေခံအလုပ်ရုံပညာ၊ အခြေခံပုံဆွဲ၊ ထိန်းသိမ်းမွမ်းမံမှုဘာသာရပ်တို့ကိုလည်းကောင်း စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် စက်တင်ဘာ ၂၉ ရက်တွင် အသက် ၁၈ နှစ် ပြည့်ပြီး ၃၅ နှစ်ထက်မကျော်သူဖြစ်ရမည်။လျှောက်လွှာများကို စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ သင်တန်းမှူး သင်တန်း (စာပေ)ဌာနခွဲ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့သို့ ပေးပို့လျှောက်ထားရမည်။ သင်တန်းဝင်ဆန်းစစ်ခြင်းအဖြစ် သင်တန်းမဖွင့်မီနှစ်ပတ်အလို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာရေးဖြေ၊လူတွေ့နှုတ်ဖြေ ဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်အောင်စာရင်းကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ထုတ်ပြန်မည်ဖြစ်သည်။

သင်တန်းကြေးကောက်ခံခြင်းမပြုဘဲ သင်တန်းသားများကိုယ်တိုင်အသုံးပြုလေ့ကျင့်ဆောင်ရွက်ရမည့် ပစ္စည်းများအတွက်သာ ကုန်ကျမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်သင်တန်းအတွက် အင်ဂျင်များ ဖြုတ်၊ တပ်၊ ဆေးကြော၊ စမ်းသပ်မောင်းနှင်ရာတွင် အသုံးပြုမည့်စက်သုံးဆီဝယ်ယူခြင်းနှင့် သင်ခန်းစာစာအုပ်ဝယ်ယူခြင်းအတွက် ငွေကျပ် ၂၅၀၀၀ ခန့်နှင့် လျှပ်စစ်ဂဟေသင်တန်းအတွက် ငွေကျပ် ၇၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပြီးလျှင် သင်တန်းသားများအား National Skill Certificate Level-1 နှင့် ညီမျှသော အောင်လက်မှတ်များ ချီးမြှင့်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက သင်တန်းမှူး၊ သင်တန်း(စာပေ)ဌာနခွဲ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောက်ပန်းတောင်းလမ်း မိတ္ထီလာမြို့ ဖုန်း ၀၆၄-၂၃၅၄၅၊ လိုင်းခွဲ - ၁၀၇ နှင့် ၀၉-၄၀၂၆၄၅၅၀၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ထ/၄၄၊ အကျယ်အဝန်း(အလျားပေ ၄၀×အနံပေ ၁၀၀)အကျယ်အဝန်းရှိ မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော (အလျားပေ ၂၀×အနံပေ ၁၀၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ထ/၄၄-ခဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်ဆက်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရှိ နေထိုင်ပိုင်ဆိုင်ပါကြောင်း တင်ပြဝန်ခံသူ ဒေါ်ခင်နွယ်ဦး ၁၂/သဃက(နိုင်)၀၆၈၇၈၆ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းထွန်း LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)
အမှတ် ၈၊ အောင်သုခလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၁၅၂)၊ မြေအကျယ်အဝန်း(၄၀/၃၉×၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်မိုး ၉/မခန(နိုင်)၀၉၈၀၅၈ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၄င်းအမည်ပေါက်ပိုင်ရှင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စန္ဒာစိုး ၁၂/တမန(နိုင်)၀၉၄၇၉၇ မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၊ မြေကွက်အမှတ် ၇၀၁၊ မြေကွက်တည်နေရာအမှတ် ၇၀၁၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးရဲဆွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရဲဆွေနှင့်ဇနီး ဒေါ်သန်းသန်းတို့ ကွယ်လွန်သဖြင့် ဦးအောင်အောင်ရဲ ၇/ပခတ(နိုင်)၀၀၀၆၈၉၊ ဦးဇော်ဇော်ရဲ ၁၂/ဒဂရ(နိုင်)၀၀၂၉၈၃၊ ဒေါ်ထက်ထက်ရဲ ၁၂/ဒဂရ(နိုင်)၀၀၃၃၅၇တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီက)၊ မြေကွက်အမှတ်(၁/၂၇)၊ မြေကွက်တည်နေရာအမှတ်(၂၂၅)၊ မဉ္ဇူလမ်း၊ ဉာဏရပ်ကွက် ဒေါ်ရွှေရွှေ ၉/မရမ(နိုင်)၀၅၆၃၉၀ အမည်ပေါက်သည့် မြေအား ဒေါ်ရွှေရွှေကိုယ်တိုင်မှ မိမိပိုင်ခြံမြေဖြစ်သည်မှာ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုချက် ကာယ/ဉာဏရပ်ကွက်၊ မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့မှ ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီက)၊မြေကွက်အမှတ်(၁/၂၆)၊ မြေကွက်တည်နေရာအမှတ်(၂၂၅)၊ မဉ္ဇူလမ်း၊ ရွှေနံ့သာစံပြကျေးရွာအတွင်းရှိ မြေကွက်အား ဂရန်ပေးရေးအထောက်အကူပြုအဖွဲ့မှ မိတ္တူပေးပို့ထားသော ကာယရပ်ကွက်ခြံမြေကွက်များ စာရင်းရှိ ငယ်စာရင်းအမည်ပေါက် ဒေါ်လှလှ ၁၂/ပဘတ(နိုင်)၀၂၅၆၇၈ကိုယ်တိုင်မှ ကာယဉာဏရပ်ကွက်၊ မြေဂရန်ချထားပေးရေး အထောက်အကူပြုအဖွဲ့မှ ထောက်ခံချက်တို့ကိုတင်ပြ၍ မိမိပိုင်ခြံမြေဖြစ်သည်မှာမှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုချက်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၂၉/က၊ မြေကွက်တည်နေရာအမှတ်-၂၂၉/က၊ ၅ လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ထွားလေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ထွားလေးနှင့် ဖခင် ဦးမြင့်သိန်းတို့ ကွယ်လွန်သဖြင့် ဦးထွန်းလွင် ၁၂/ဥကတ(နိုင်)၀၉၃၂၀၄၊ ဒေါ်သိန်းသိန်းအေး ၁၂/ဥကတ(နိုင်)၀၇၆၃၈၆တို့က တရားဝင်အမွေဆက်ခံသားနှင့် သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်း ၇ အနောက်၊ မြခွာညိုအိမ်ရာ၊ မြေကွက် ၂၂၊ ဧရိယာ ၀ဒသမ ၁၂၇ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးရွှေလှိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၃၂၁၆/၂၀၁၄)တင်ပြ၍ ဒေါ်ထင်ဝေဖိန်း ၁၃/ကခန(နိုင်)၀၁၁၉၄၁၊ ဒေါ်ဝမ်ဟုန်ကြမ်း(ခ)နုနုယဉ် ၁၃/တမည(နိုင်)၀၀၅၀၂၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်း ၈၁၁ (ကမာရွတ်) မြကန်သာ၊ မြေကွက် ၂၅၃၊ ဧရိယာ ၀ဒသမ ၀၉၂ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးပြုံးနိုင်၊ ဒေါ်သန္တာ၊ ဒေါ်စန်းစန်းထွေး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ် (၃၈၇၀/၂၀၁၄)တင်ပြ၍ ဦးပြုံးနိုင် ၁၂/လမန(နိုင်)၁၂၃၄၄၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကန့်ဘလူ၌ ဆည်တမံများအတွင်း ငါးသားပေါက်အကောင်ရေ နှစ်သိန်းကျော် ငါးမျိုးစိုက်ထည့်

ကန့်ဘလူ ဇူလိုင် ၂၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်းကို ကန့်ဘလူမြို့နယ် ကင်းတပ်ဆည်၊ သိန်ရင်ဆည်နှင့်ဝင်းဇာနည်ဖြိုး စိုက်/မွေးကုမ္ပဏီငါးမွေးကန်တို့၌ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီကကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးနိုထန်ကပ်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်၍ ငါးမြစ်ချင်း၊ ငါးသန် ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ကန့်ဘလူမြို့သိန်ရင်ဆည်တွင် ငါးမြစ်ချင်း၊ ငါးသန်ကောင်ရေ တစ်သိန်း၊ ဝင်းဇာနည်ဖြိုး စိုက်/မွေးကုမ္ပဏီ ငါးကန်တွင် တစ်သောင်းခွဲ၊ ကင်းတပ်ဆည်၌ ငါးမျိုးတစ်သိန်းတို့ကို စိုက်ထည့်ကြသည်။

ယင်းသို့စိုက်ထည့်ခြင်းအားဖြင့် ဆည်အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ငါးစားသုံးမှုတိုးတက်လာပြီး အပိုဝင်ငွေများလည်းရရှိလာစေမည်ဖြစ်သည်။ သိန်ရင်ဆည်အတွင်းမှနေ့စဉ် ငါးပိဿာ ၁၀၀ ကျော်ကို ဖမ်းဆီးထုတ်လုပ်လျက်ရှိပြီး ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ငါးထွက်နှုန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း ငါးလုပ်ငန်းဦးစီးဌာနကတားမြစ်သည့် ငါးမဖမ်းဆီးရသည့် အချိန်ကာလတွင် ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီရှော့ခ်တိုက်ခြင်းများကို မပြုလုပ်ကြရန်လိုအပ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ကျေးရွာများသို့ ကွင်းဆင်းအသိပညာပေးဟောပြောပွဲများကျင်းပ

လားရှိုး ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ် လားရှိုးမြို့နယ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)သည် ၎င်းတို့၏ ၂၀၁၄ ခုနှစ်အတွက် (၇)ချက်စီမံချက်လုပ်ငန်းများအား ကျေးရွာများတွင် ကွင်းဆင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဒေါက်တာမေစိုးဦးနှင့် စီမံချက်မန်နေဂျာများ၊ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးနှင့်ကလေးကျန်းမာဖွံ့ဖြိုးရေးဌာနစိတ်မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်း၊ လားရှိုးခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(မြန်မာ)မှ Maternal and Health Speclaist ဖြစ်သူDr. Maharajan Muthuနှင့် တာဝန်ရှိသူတို့ ပါဝင်သောအဖွဲ့သည် လားရှိုးမြို့နယ်အတွင်းရှိ ဟိုပိတ်ကျေးရွာ၊ ဆုံကွယ်ကျေးရွာနှင့် အိန္နိုင်းကျေးရွာများသို့ သွားရောက်ခဲ့သည်။ အဆိုပါအဖွဲ့သည် မြေပြင်ကွင်းဆင်းဆောင်ရွက်ရာ၌ ကျေးရွာများရှိ ပြည်သူလူထု ကလေးများအပါအဝင် မိသားစုနှင့် ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ပြည်သူများမှ အကြံပြုဆွေးနွေးချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)တို့ ပူးပေါင်း၍ ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူများ ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရုံသာမက ကျန်းမာသောအမူအကျင့်များကို လက်တွေ့လိုက်နာကျင့်သုံးခြင်းအားဖြင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာစေရေးကို ရည်ရွယ်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

မိတ္ထီလာ ပျဉ်သာကျေးရွာအုပ်စုကျေးရွာများ၌ ငါးနှစ်ကျော်ကာလအတွင်း စပါးပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများဝမ်းသာပျော်ရွှင်

မိတ္ထီလာ ဇူလိုင် ၂၉

မိတ္ထီလာမြို့ ပျဉ်သာကျေးရွာအုပ်စုတွင် ပျဉ်သာ၊ ကျိတ်ပုလဲ၊ သဲကုန်းကျေးရွာ ပါဝင်ပြီး အဆိုပါ ကျေးရွာသုံးရွာတွင် စိုက်ပျိုးရေအခက်အခဲကြောင့် စပါးမစိုက်ပျိုးနိုင်ခဲ့သည်မှာ ငါးနှစ်၊ ခြောက်နှစ်ခန့်ရှိပြီဖြစ်ကာ ယခုအခါ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြည့်ရှုဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးရေရရှိကာ ငါးနှစ်ကျော်ကာလအတွင်း စပါးပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပျဉ်သာကျေးရွာအုပ်စုအတွင်းကျေးရွာသုံးရွာသည် မိတ္ထီလာမြို့နယ်၏ အစွန်တွင်တည်ရှိပြီး မိုးရွာသွန်းမှုမရှိခြင်း၊ ကန်ရေမှစိုက်ပျိုးရေရရှိရန်ခက်ခဲခြင်းများကြောင့် စပါးစိုက်ပျိုးရန် နှစ်စဉ်အခက်အခဲရှိ၍ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ဘဲ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ညှိနှိုင်းပေါင်းစပ်မှုဖြင့် ဇူလိုင် ၂၆ ရက်က ၎င်းကျေးရွာများသို့ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် မီးခြစ်ပုန်းစိုက်ပျိုးရေပေးမြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနဦးစီးအရာရှိ ဦးတင့်လွင်တို့ပါဝင်သောအဖွဲ့သည် ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိအောင် မိတ္ထီလာတောင်ကန်ရေကို မီးခြစ်ပုံးမြောင်းမှတစ်ဆင့် ပေးဝေသွားမည်ဖြစ်ကြောင်း တောင်သူများအား တွေ့ဆုံပြောကြားသည်။

ပျဉ်သာကျေးရွာအုပ်စုအတွင်းရှိ ပျဉ်သာကျေးရွာ၊ သဲကုန်းကျေးရွာ၊ ကျိတ်ပုလဲကျေးရွာတို့တွင် အိမ်ခြေပေါင်း ၃၀၈ အိမ်နှင့်လူဦးရေ ၁၈၅၅ဦးရှိပြီး ငါးနှစ်ကျော် ကာလအတွင်း စိုက်ပျိုးရေ အခက်အခဲကြောင့် စပါးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိခဲ့ရာမှ ယခုနှစ်တွင် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးရေရရှိပြီး စပါးစိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ကရသူရိ-ဘုတ်ပြင်းလမ်း ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေရေး လုပ်ငန်းများဆောင်ရွက်

ကရသူရိ ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ ကရသူရိ-ဘုတ်ပြင်းလမ်း မိုးသည်းထန်မှုကြောင့် ပျက်စီးသည့်လမ်းပိုင်းများကို မြို့နယ်ခွဲ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကရသူရိ-ဘုတ်ပြင်းလမ်းပိုင်း မိုင်တိုင်အမှတ် ၁၇၄/၂ မှ ၁၇၄/၄ အထိနေရာတစ်လျှောက် မိုးသည်းထန်မှုကြောင့် ရေတိုက်စားမှုများ အဆက်မပြတ်ဖြစ်ပွားသဖြင့် မြေပြိုခြင်း၊ ရွှံ့ညွန်များဖြစ်ပေါ်ခြင်းတို့ကြောင့် မြိတ်-ကော့သောင်း ပြေးဆွဲပို့ဆောင်ပေးသည့် မော်တော်ယာဉ်များ သွားလာမှုအခက်အခဲဖြစ်ရာ မြို့နယ်ခွဲပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများသည် ပျက်စီးနေသည့်လမ်းပိုင်းများကို သဲကျောက်များ ဖြည့်ဆည်းခြင်း၊ ရွှံ့ညွန်များဖြစ်ပေါ်နေသည့်အပိုင်းကို ကျောက်များဖြည့်တင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို ခရီးသွားပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၈၊ ဆရာခြုံလမ်း၊ မြေကွက်အမှတ်(၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆)ဟု ခေါ်တွင်၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးခင်မောင်ဦး(ခ)တိတ်ချွန် ၁၂/ပဘတ(နိုင်)၀၀၈၀၇၉ အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်များနှင့်တကွ ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခွင့်ရှိသူ ဦးကျော်လွင်မြင့် ၁၃/တတန(နိုင်)၁၅၉၇၀၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်များအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမောင်မောင်စိုး ဦးချမ်းငြိမ်းဇော် ဦးစိုးသိန်း ဦးညီညီစိုး

အထက်တန်းရှေ့နေများ တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

အဓိပတိ Laws Firm

အမှတ် ၅၅၊ အခန်း(၄)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၁၆၁၃၁၈၊ ၀၉-၇၃၀၂၁၆၈၄၊ ၀၉-၇၃၁၇၃၉၆၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၈၆/ခ၊ မြေကွက်တည်နေရာ(၆၈၆/ခ)၊ ၅လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အုန်းကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းကြည်နှင့်ခင်ပွန်း ဦးအောင်သိန်းတို့ ကွယ်လွန်သဖြင့် ဒေါ်လှရီ ၁၂/ဥကတ(နိုင်)၁၂၁၄၉၃၊ ဦးငွေသိန်း MME-၆၀၁၆၄၅၊ ဦးကျော်သိန်း S/OKA-၁၀၈၃၀၂၊ ဦးဝင်းသိန်း ၁၂/ဥကတ(နိုင်)၀၆၀၅၀၉၊ ဦးစံမောင် ၁၂/ဥကတ(နိုင်)၀၆၂၉၅၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီမံကိန်း-၁)၊ မြေကွက်အမှတ် ၄၁၀၊ မြေကွက်တည်နေရာအမှတ် ၄၁၀၊ သရဖီလမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်ဖေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမောင်ဖေနှင့်ဇနီး ဒေါ်ခင်သိန်း ကွယ်လွန်သဖြင့် ဒေါ်ဝင်းလတ် ၁၂/ဥကတ(နိုင်)၀၄၀၄၃၃၊ ဦးဌေးမင်း ၁၂/ဥကတ(နိုင်)၁၀၀၀၆၈၊ ဦးနိုင်နိုင် S/OKA-၁၁၈၂၆၃၊ ဦးနေမင်း S/OKA-၁၁၈၂၆၂၊ ဦးအေးမင်း ၁၂/ဥကတ(နိုင်)၁၆၇၃၁၉၊ ဦးထွန်းမိုးဇက် ၁၂/ဥကတ(နိုင်)၀၂၀၇၁၃တို့က သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၄၂၊ မြေကွက်တည်နေရာအမှတ် ၁၄၂၊ ခေတ္တာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးအေးရွှေ တီဂျီအင်န်-၀၇၆၈၅၈အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးရွှေ ကွယ်လွန်သဖြင့် ဒေါ်လုံးချစ် ၁၂/ကမတ(နိုင်)၀၀၄၄၀၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၃၆၂/၁၄ (၂၉-၄-၂၀၁၄)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်ခင်ကြီး ၁၂/ဥကတ(နိုင်)၀၈၄၄၇၄က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိသော ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၃၃၃၊ မြေကွက်တည်နေရာအမှတ် ၃၃၃၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဇော်ဝင်း ၁၂/စခန(နိုင်)၀၀၁၈၉၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဇော်ဝင်း ၁၂/စခန(နိုင်)၀၀၁၈၉၁ (တရားရုံး)ကိုယ်စား ဘိလစ်ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး တရားမကြီးအမှုအမှတ် ၁၉၀/၁၃ (၁၉-၁၂-၂၀၁၃)နှင့် တရားမဇာရီမှုအမှတ် ၁၁၇/၁၃(၂၀-၁၂-၂၀၁၃) တို့ဖြင့် တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၈၇၊ မြေကွက်အမှတ် ၄၄၆-ခ၊ မြေအမည်ပေါက် ဦးအောင်မြသန်း ၁၂/သကတ(နိုင်)၁၀၆၆၁၀ထံမှ မြေကွက်ဝယ်ယူထားသူ ဒေါ်အေးအေးနွဲ့ ၁၂/သကတ(နိုင်)၀၃၄၉၆၆ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၇) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၃၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၆၃/ခ၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စောရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စောရီနှင့်(တရားလို) ဒေါ်အေးအေးမြင့်တို့၏ အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃၀/၁၄၏ စီရင်ချက်နှင့် ဇာရီမှုအမှတ် ၄၉/၁၄၏ အမိန့်တို့ကိုတင်ပြ၍ တရားရုံးကိုယ်စား ဘိလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ဃ၊မြေကွက်အမှတ် ၂၂၀ ^၂^၊ မြေကွက်တည်နေရာအမှတ် ၂၂၀ ^၂^၊ ဝေပုလ္လ ၅လမ်း ဒေါ်မြလွင် အန်/အာဂျီအန်-၀၀၆၉၀၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဇနီး ဒေါ်မြလွင်ကွယ်လွန်သဖြင့် ဦးသိန်းနွယ် ၁၂/ဥကမ(နိုင်)၀၁၁၆၇၆ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄ E)၊ မြေကွက်အမှတ်(V ၁၀၁)၊ မြေကွက်တည်နေရာအမှတ် ၅၃၊ ၁၆၄လမ်း၊ တာမွေကြီး(ခ)ရပ်ကွက် (ဦးစိုးမြင့်၊ ဒေါ်သွင်ကြည်(ခ)ဒေါ်တင်ကြည်)အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(ဖခင်)နှင့် ဒေါ်သွင်ကြည်(ခ)ဒေါ်တင်ကြည် (မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးလင်းထင် ၁၂/တမန(နိုင်)၀၂၀၃၇၀၊ (၂) ဒေါ်သင်းသင်းနွယ် ၁၂/တမန(နိုင်)၀၄၇၆၁၀၊(၃) ဦးဖုန်းမြင့် ၁၂/တမန(နိုင်)၀၄၆၄၀၄၊ (၄)ဒေါ်မြင့်မြင့်ကြည်(ခ) ဒေါ်သီတာ ၁၂/တမန(နိုင်)၀၈၃၆၅၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဖော်ပြ

မိုးရာသီရေစီးရေလာ ကောင်းမွန်ရေး ရေနုတ်မြောင်းများ ပြုပြင်ဆောင်ရွက်

နတ်မောက် ဇူလိုင် ၂၉

နတ်မောက်မြို့ရှိ မြို့မဈေးကြီး အရှေ့ဘက် ဈေးဆိုင်တန်းများ၏ ရေနုတ်မြောင်းများတွင် မိုးရာသီ ရေစီးရေလာကောင်းမွန်စေရန် ဇူလိုင် ၂၄ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်အမှုဆောင် အရာရှိနှင့် မြို့နယ်အထောက်အကူပြု အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် အကျယ် နှစ်ပေ၊ အမြင့် သုံးပေရှိပြီး အရှည် ပေ ၁၀၀၀ ရေနုတ်မြောင်းများကို ပန်းရန်အလုပ်သမားများက အုတ်မြောင်းများဖြင့် ပြုလုပ်နေကြောင်း သိရသည်။

လှဝင်း(iprd)

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

ခင်ဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေး

ခင်ဦး ဇူလိုင် ၂၉

နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးစိုးရန်-ဒေါ်ကြည်ကြည်ညွန့် (သမီး) မဆုလာဘ်ရန်နိုင် မိသားစုတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ တန်ဖိုးကျခံလှူဒါန်းမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသန်းဝင်း ကြီးကြပ်၍ ခင်ဦးမြို့နယ် ဦးစီးဌာနမှူး ဦးစောဦးနှင့် ဝန်ထမ်းများက ဇူလိုင် ၂၄ ရက်က အသက် ၁၀ နှစ်အထက်နှင့် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများအတွက် ကွင်းဆင်းပြီး အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ (**အပေါ်ပုံ**)

အဆိုပါလှူဒါန်းငွေဖြင့် မြကန်သာရပ်ကွက်၊ ကွမ်းတိုင်းကျေးရွာ၊ မကျီးတုံကျေးရွာ၊ ရွှေပြည်သာကျေးရွာနှင့် မင်းကံကြီးကျေးရွာတို့ကို ကွင်းဆင်းပြီး အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ ကတ်ပြားပြုလုပ်သူများမှ အလှူရှင်နှင့် လဝကဦးစီးဌာနကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ခင်ဦး-စိုးဝေ

အင်းတော်မြို့အဝင် ဘီးခွန်ဂိတ်တွင် ဘိန်းဖြူ ၅၈ သိန်းဖိုး ဖမ်းမိ

အင်းတော် ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အဝင်၌ ဘီးခွန်ဂိတ်အနီးတွင် ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ဒုရဲမှူး ရန်နိုင်ထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သောင်းစိန်ထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သတင်းအရ သက်သေများနှင့်အတူ အင်းတော်မြို့နယ် စင့်ဟောက်ရွာအနီး ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ အင်းတော်မြို့ အဝင် ဘီးခွန်ကောက်ဂိတ်တွင် စောင့်ဆိုင်းနေစဉ် ကသာမြို့မှ အင်းတော်မြို့သို့ မောင်လွင်ဆိုသူ စီးနင်းလာသော ကမ်ဘိုအမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ Love is Flowers ဆပ်ပြာခွက် ငါးခွက်ဖြင့်ထည့်ထားသော ဘိန်းဖြူ ၅၈ ဂရမ် ငွေကျပ် ၅၈ သိန်းဖိုး တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး မောင်လွင်ကို စစ်မေးရာ တစ်ရွာတည်းနေ ထွန်းလွင်က အင်းတော်ဗန်းမောက် ကားလမ်းဆုံအရောက် ပို့ပေးရန်နှင့် သယ်ဆောင်ခ ငွေကျပ် တစ်သိန်းပေးရန် သဘောတူခဲ့ပြီး သယ်ဆောင်လာစဉ် ဖမ်းဆီးခံရကြောင်း သိရသည်။ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ထွန်းလွင်ကို ၎င်း၏ညီဖြစ်သူ စိုင်းမောင်ဆိုသူနှင့်အတူ ဆိုင်ကယ်စီးလာစဉ် အဆိုပါဘီးခွန်ဂိတ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မောင်လွင်ပါသုံးဦးကို ဥပဒေအရ အရေးယူပေးပါရန် ဒုရဲမှူး ရန်နိုင်ထွန်းက တရားလိုပြုလုပ်ကာ တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။

အထက်ပါအမှုအား အမှုစစ် အင်းတော်ရဲစခန်းမှ ရဲအုပ်သန်းထွန်းလှိုင်က တရားလိုနှင့် သက်သေများ စစ်ဆေးခြင်း၊ မောင်လွင်ပါသုံးဦးကို ဖမ်းဆီး၍အချုပ်ရိမန်တောင်းခံခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိမရှိ စစ်ဆေးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းများ ပြုလုပ်ဆောင်ရွက်ထားကြောင်း သိရသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ မောင်လွင် (၃၅ နှစ်) ဆင်ကုန်းကျေးရွာ ကသာမြို့နယ်၊ ထွန်းလွင် (၃၀နှစ်) ဆင်ကုန်းကျေးရွာ ကသာမြို့နယ်နေသူနှင့် စိုင်းမောင်(၂၀နှစ်) ဆင်ကုန်းကျေးရွာ ကသာမြို့နယ်နေသူတို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှအောင်(ကသာ)**

အသားတိုးကြက်မွေးမြူရေး ပြန်လည်ဦးမော့လာ

ညောင်တုန်း ဇူလိုင် ၂၉

လွန်ခဲ့သော၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၄ ခုနှစ် နှစ်စပိုင်းက အသားတိုးမွေးမြူရေး ကြက်တစ်ပိဿာ ငွေကျပ် ၂၂၀၀ ဝန်းကျင်သာ ရောင်းချခဲ့ကြရသဖြင့် ကြက်မွေးမြူသူများ အဆမတန်ရှုံးကြကာ ကြက်မွေးမြူသူတချို့ လုပ်ငန်းများပင် ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

"ကြက်သား တစ်ပိဿာရဖို့အတွက် ကြက်သားပေါက်ဖိုး၊ အစာဖိုး၊ ဆေးဖိုး၊ လုပ်အားခအပါအဝင် ငွေကျပ် ၃၂၀၀ ခန့် ကုန်ကျရင်းနှီးကြရပါတယ်။ တစ်ပိဿာ ငွေကျပ် ၂၂၀၀ ဈေးနဲ့ရောင်းရတော့ အရှုံးနာကြတယ်။ ကြက်အကောင် ၁၀၀၀ မွေးထားတဲ့ကြက်ခြံဆိုရင် အနည်းဆုံး ခုနစ်သိန်း၊ ရှစ်သိန်းရှုံးကြတယ်။ အရှုံးများတော့ ဆက်မမွေးနိုင်ကြတော့ဘူး။ လုပ်ငန်းတွေ ရပ်ဆိုင်းကုန်တယ်"ဟု အသားတိုးကြက်မွေးမြူသူ ဦးအောင်သန်းက ပြောပြသည်။

ယခုအခါ အသားတိုးမွေးမြူရေးဈေးနှုန်း ပြန်လည်မြင့်တက်လာပြီး တစ်ပိဿာ ငွေကျပ် ၄၀၀၀ ကျော်ဈေးအထိရောင်းချရသဖြင့် အသားတိုးကြက်မွေးမြူသူများ ပြန်၍ဝင်ငွေကောင်းလာပြီး အဆင်ပြေလာကြောင်း သိရသည်။

အသားတိုးကြက်မွေးမြူရေး လုပ်ငန်းမှာ စနစ်တကျ မွေးမြူပါက ဖြစ်ထွန်းအောင်မြင်နိုင်သဖြင့် ဈေးနှုန်းတည်ငြိမ်ပါက အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်သော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ငါးမွေးမြူရေးကန်များတွင် ကြက်ခြံများ တည်ဆောက်မွေးမြူသူများမှာ ငါးစာအတွက် သီးသန့်အစာကျွေးရန်မလိုဘဲ ကြက်ခြံမှ ကြက်အစာအကြွင်းအကျန်နှင့် ကြက်ချေးများမှ မြေဩဇာနှင့် ငါးစာများလုံလုံလောက်လောက်ရရှိသဖြင့် မွေးမြူထားသော ငါးများကြီးထွားနှုန်း ကောင်းမွန်ကာ ပိုမိုအကျိုးဖြစ်ထွန်းကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

တောင်သူလယ်သမားများအား ချေးငွေများပေးအပ်

မြောင် ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် မြို့နယ်သမဝါယမအသင်းမှ အသင်းဝင် တောင်သူလယ်သမားများအား လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် ရင်းနှီးငွေများကို ဇူလိုင် ၆ ရက်မှစ၍ ပထမသုတ်ချေးငွေမှ ဒုတိယအကြိမ်အဖြစ် အခြေခံသမဝါယမအသင်း ၆၆ သင်းရှိ အသင်းသား တောင်သူလယ်သမား ၈၄၃ ဦးထံသို့ ချေးငွေကျပ် ၈၄၃ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၅ ရက်တွင်လည်း ဒုတိယသုတ်ချေးငွေအတွက် အခြေခံသမဝါယမ အသင်း ၁၉ သင်းရှိ အသင်းသားတောင်သူလယ်သမား ၁၃၈၉ ဦးထံသို့ စိုက်ပျိုးစရိတ်ချေးငွေ ၁၃၈၉ သိန်းကိုလည်း ထုတ်ပေးပြီးဖြစ်၍ အသင်းစုဝင် ၈၅ ရှိ အသင်းဝင် တောင်သူလယ်သမား ဦးရေစုစုပေါင်း ၉၈၂၀ ဦးထံသို့ ချေးငွေကျပ် ၉၈၂၀ သိန်း ထုတ်ပေးပြီးစီးခဲ့ကြောင်း အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုလို အသင်းဝင်တောင်သူလယ်သမားများထံသို့ ချေးငွေများ ထုတ်ပေးရာတွင် သမဝါယမဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်ရရှိသည့် ပံ့ပိုးချေးငွေ ၈၅၆၄ ဒသမ ၀၈၂ သိန်းနှင့် အခြေခံ သမဝါယမအသင်းများရှိ အသင်းပိုင်ငွေ ၁၂၅၅ ဒသမ ၉၁၈ သိန်းကိုပေါင်း၍ အသင်းဝင်တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး ချေးငွေသက်တမ်းမှာ ခြောက်လဖြစ်ပြီး အတိုးနှုန်းမှာ ၁၀၀၀ ကို တစ်လလျှင် တစ်ကျပ် ပြားငါးဆယ်ဖြစ်ကြောင်း" အသင်းမန်နေဂျာက ပြောပြသည်။

"အသင်းဝင်ဖြစ်တာ နှစ်နှစ်ရှိပါပြီ။ အခုလိုချေးပေးတဲ့အတွက် သီးနှံစိုက်ပျိုးစရိတ်ကို အတိုးနှုန်းသက်သာစွာရရှိသဖြင့် အဆင်ပြေပါတယ်။ အသင်းသားများအတွက်လည်း စုငွေအဖြစ်စုဆောင်းပေးပြီး စုဆောင်းငွေပေါ်မှနေ၍ အတိုးနှုန်းရရှိခံစားရပါတယ်"ဟု အသင်းသားတောင်သူ ကိုတင်လင်းက ပြောပြသည်။

တင်ကိုကို

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၈၆၉၅၊ Toyota Alphard ANH 10 M/B (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်မိုး ၉/စကန(နိုင်)၀၀၀၈၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တာချီလိတ်မြို့နယ်တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဦးမောင်ညွန့် **နှင့်** ဦးကျော်ဝင်း
အမှတ် ၅/၃၄၊ စဝ်စံထွန်းလမ်း၊ ၁၃/တခလ(နိုင်)၀၂၇၄၉၂
ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့။ ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့။
တရားလို **တရားပြိုင်**

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ စဝ်စံထွန်းလမ်းနေ ဦးကျော်ဝင်း ၁၃/တခလ(နိုင်)၀၂၇၄၉၂ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမောင်ညွန့်က စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၈ရက် (၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးကျော်)
မြို့နယ်တရားသူကြီး၊ တာချီလိတ်မြို့နယ်တရားရုံး

ကန်ထရိုက်တာ ဦးကျော်မြင့် (AKB/191948)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ်(၈၆/က)နေ ဦးစိုးမြင့် (W/RGN-002923) မှ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ်(၈၆/က)ဟု ခေါ်တွင်သော အလျား ၂၆ပေ× အနံ ၄၅ပေ မြေသည် ဦးစိုးမြင့် (W/RGN-002923)တစ်ဦးတည်းပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်၌ နှစ်ခန်းတွဲ ၄ $\frac{၁}{၂}$ ထပ် အဆောက်အအုံဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးကျော်မြင့်နှင့် မြေရှင် ဦးစိုးမြင့်တို့သည် ကန်ထရိုက်တိုက် ကတိစာချုပ်အား ၉-၂-၂၀၁၂ရက်တွင် အသိသက်သေစုံလင်စွာဖြင့် အကျိုးခံစားခွင့်များအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ ကန်ထရိုက်တာ ဦးကျော်မြင့်မှ အဆောက်အအုံအား နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုသည့်ရက်မှစ၍ ငါးလအတွင်း အပြီးဆောက်လုပ်ပေးမည်ဟု ကတိပြုခဲ့ပါသည်။ ထိုသို့ကတိပြုခဲ့သော်လည်း အဆောက်အအုံအား ဆောက်လုပ်ခဲ့ရာတွင် လေးလွှာအကြမ်းထည်အဆင့်ထိဆောက်လုပ်နေရာမှ ဆက်လက်ဆောက်လုပ်ခြင်းမရှိဘဲ ရပ်ဆိုင်းခဲ့ရာ ယခု ၂၀၁၄ခုနှစ်တိုင် ဆက်လက်ဆောက်လုပ်ခြင်း မရှိဘဲ အကြောင်းမဲ့ပျက်ကွက်နေပါသည်။

ကန်ထရိုက်တာ ဦးကျော်မြင့်မှ အဆောက်အအုံအား ၉-၂-၂၀၁၂ ရက်တွင် ချုပ်ဆိုထားသော ကတိစာချုပ်အတိုင်း ငါးလအတွင်းပြီးစီးအောင် ဆောက်လုပ်နိုင်ခြင်း မရှိခဲ့ပါ။ သို့ပါ၍ စာချုပ်ပါကတိအတိုင်း တစ်ဖက်သတ်ဖျက်သိမ်းပြီး မြေရှင် ဦးစိုးမြင့်မှ မိမိအစီအစဉ်ဖြင့် ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်သဖြင့် ကန်ထရိုက်တာ ဦးကျော်မြင့်နှင့် သက်ဆိုင်သူများသည် ဝင်ရောက်နှောင့်ယှက်ခြင်း၊ အရေးဆိုခြင်း၊ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးမြင့် (W/RGN-002923)
အမှတ်(၈၆/က)၊ ခိုင်သဇင်လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်

အမည်ပြောင်း

ဦးခင်မောင်ကြည်၏သား အဋ္ဌမတန်း(F) အထက(၂) ဒဂုံတောင်၊ ဆိပ်ကမ်းမြို့နယ်တွင် ပညာသင်ကြားနေသူ မောင်ဇော်ပိုင်အား မောင်ပြည့်စုံအောင် ၁၂/ဒဂတ(နိုင်)၀၈၁၉၁၇ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပြည့်စုံအောင်**

အများသိစေရန်နှင့်လွှဲပြောင်းခြင်း အဆောက်အအုံဆောက်လုပ်ခြင်းမပြုရန် သတိပေးတားမြစ်ချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးလှကျော် ၁၂/တမန(နိုင်)၀၉၁၁၂၆ အမှတ် ၁၃၊ ၁၂၆ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူနှင့် ဒေါ်တင်မြ AKB-၁၈၃၈၄၅ အမှတ် ၄၆၆၊ မင်းရဲကျော်စွာ ၁ လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် နေသူတို့သည် ၃၁-၁၀-၂၀၁၂ရက်က အမှတ် ၄၆၆၊ မင်းရဲကျော်စွာ(၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ မြေကွက်အမှတ် ၄၆၆၊ အကျယ်(၂၅'×၅၀')မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ ၁၀ခန်းပါ ငါးထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။

ဦးလှကျော်နှင့် ဒေါ်တင်မြ၊ မရွှေဇင်ခိုင်၊ ဦးရွှေမောင်တို့သည် ထိုမြေကွက်ကိစ္စအတွက် ၁၈-၁-၂၀၁၄ရက်တွင် နောက်ဆက်တွဲစာချုပ်ကိုလည်းကောင်း၊ ၁၁-၄-၂၀၁၄နှင့် ၂၅-၄-၂၀၁၄ ရက်များတွင် ဦးရွှေမောင်က အလိုက်ငွေများ လက်ခံရယူခဲ့ပါသည်။

ဦးလှကျော်သည် ဒေါ်တင်မြအတွက် တရားရုံးကိစ္စနှင့် ဒေါ်တင်မြအမည်ပေါက်ရရှိရေးကိစ္စများကိုလည်း ကူညီဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

ဦးလှကျော်သည် ဒေါ်တင်မြအတွက် ထိုမြေကွက်ကိစ္စအဝဝကို ငွေသိန်းပေါင်းများစွာ အကုန်ကျခံဆောင်ရွက်ပေးထား၍ စာရွက်စာတမ်းမူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာကိုလည်း မှတ်ပုံတင်လွှဲအပ်ထားပါသည်။

ထို့ကြောင့် ထိုမြေကွက်ပေါ်တွင် ဦးလှကျော်က စည်ပင်လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ခွင့်ပြုချက်အရ တိုက်အသစ်ဆောက်လုပ်ရန် ဆောင်ရွက်ထားပြီးဖြစ်၍ မည်သူမျှ ဦးလှကျော်၏ခွင့်ပြုချက်မရှိဘဲ ထိုမြေကွက်ကိုလွှဲပြောင်းခြင်း၊ တိုက်အသစ်ဆောက်လုပ်ခြင်းများ လုံးဝမပြုလုပ်ရန်နှင့် အများသိစေရန် သတိပေးတားမြစ်လိုက်သည်။

လွှဲအပ်ညွှန်ကြားသူ | **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးလှကျော် | **ဦးရွှေလှိုင်တင်** | **ဒေါ်ခင်အေးလှိုင်**
၁၂/တမန(နိုင်)၀၉၁၁၂၆ | **B.A, H.G.P,D.L, D.B.L** | **LL.B, L.L.M**
၁၃-၁၂၆ လမ်း၊ | **စဉ်-၅၉၇၈** | **စဉ်-၃၅၂၁၇**
သပြေကုန်းရပ်ကွက် | **ရှေ့နေများနှင့်စီးပွားရေးလုပ်ငန်းများဥပဒေ အကြံပေးများ**

အမှတ် ၃၁၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၂၅၄၁၃၄၄၃၀၊ ၀၉-၇၃၀၀၃၀၅၄

ငါန်းဇွန် အလက(ခွဲ)၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ငါန်းဇွန် ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မိုးတောင်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၅ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အလှူရှင်များကိုယ်စား ဦးဌေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူက မြို့နယ်တွင်းဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့်ပတ်သက်၍ လက်ရှိအခြေအနေမှန်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မိုးတောင်ကျေးရွာ အလယ်တန်းကျောင်းအုပ် ဆရာကြီး ဦးလှငွေအား အလှူရှင်များက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ မိုးတောင်ကျေးရွာ အလယ်တန်းကျောင်းခွဲသည် မိုးတောင်ကျေးရွာသာမက အနီးဝန်းကျင်ရှိ ရွာများမှ ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားနေသဖြင့် ကျောင်းဆောင်လိုအပ်ချက်ရှိနေကြောင်း သိရသည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

သက်နောင်ဦး (ငါန်းဇွန်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးအဖွဲ့ သင်တန်းဖွင့်

ညောင်ဦး ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက်နည်းပညာပေး(ဗဟို)အဖွဲ့၏ နည်းပညာပြန့်ပွားရေးဆွေးနွေးပွဲ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က ညောင်ဦးမြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်လက်ထောက်တာဝန်ခံ ဒေါ်ခင်သန်းမြင့်က အမှာစကားပြောကြားပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်နည်းပညာပေး(ဗဟို)အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းဇော်(လက်ထောက်ညွှန်ကြားရေးမှူး)က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာ ညောင်ဦးမြို့နယ်အတွင်းရှိကျေးလက်နေတောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးချိန်တွင် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး စနစ်တကျ ထွန်ယက်စိုက်ပျိုးကြရန်နှင့် မြေဩဇာကိုအချိုးကျ စနစ်မှန်ကန်စွာ အသုံးပြုတတ်စေရန်၊ စိုက်ပျိုးပြီးချိန်တွင်လည်း သီးနှံပျက်စီးမှု လျော့နည်းစေရေး ပိုးမွှားအန္တရာယ်ကို စနစ်တကျ ကာကွယ်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကို ညောင်ဦးခရိုင်အတွင်းရှိ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်မှ ကျေးလက်နေတောင်သူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ကြပြီး သင်တန်း၌ မြေအသုံးချရေး ဘာသာရပ်၊ မျိုးစေ့ဆိုင်ရာဘာသာရပ်၊ ပိုးမွှားရောဂါကာကွယ်ရေး ဘာသာရပ်နှင့် ပဲမျိုးစုံသီးနှံများ၏ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းမှုနည်းစနစ်များကို ဘာသာရပ်အလိုက် သင်တန်းနည်းပြဆရာ ငါးဦးက စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

သမဝါယမဒုတိယဝန်ကြီး အသင်းအမှုဆောင်များနှင့် တွေ့ဆုံ

တောင်ကြီး ဇူလိုင် ၂၉

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့်တောင်ကြီးမြို့ အခြေခံ သမဝါယမအသင်း အမှုဆောင်များ တွေ့ဆုံပွဲကို ဇူလိုင် ၂၅ ရက်က တောင်ကြီးမြို့ စစ်စံထွန်းရပ်ကွက်ရှိ သမဝါယမသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက သမဝါယမနှင့် ပြည်သူ့ဝန်ဆောင်မှုအကျိုးကို ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် အသင်းသူအသင်းများတိုးပွားရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောချေးငွေများ ရရှိအောင် ဆောင်ရွက်ရေးနှင့် လက်ရှိသမဝါယမလုပ်ငန်းများ မပပျောက်စေရန် ထိန်းသိမ်းသွားကြရေးအတွက် အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အခြေခံသမဝါယမအသင်း အမှုဆောင်များက သမဝါယမလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားဆွေးနွေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော် (တောင်ကြီး)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်း သွယ်တန်း

မြင်းမူ ဇူလိုင် ၂၉

မြင်းမူမြို့နယ် ပုလဲတန်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်းများ သွယ်တန်းလျက်ရှိရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် ပုလဲတန်ကျေးရွာအဝင် လိုင်းအဝင်ကြိုးများ ရာနှုန်းပြည့် သွယ်တန်းပြီးစီးပြီဖြစ်ပြီး ထရန်စဖော်မာ တပ်ဆင်ရန်၊ နေအိမ်များသို့ သွယ်တန်းရန်နှင့် ကျေးရွာအတွင်း လျှပ်စစ်လိုင်းများ သွယ်တန်းမှု အနည်းငယ်သာကျန်ရှိကြောင်း ပုလဲတန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဆွေက ပြောသည်။

လျှပ်စစ်မီးကြိုးများ သွယ်တန်းမှုကို မြင်းမူမြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဝန်ထမ်းများက သွယ်တန်းပေးပြီး မီးတိုင်များ စိုက်ထူခြင်းနှင့်သွယ်တန်းမှု ကုန်ကျစရိတ်များကို ကျေးရွာပြည်သူများက စုပေါင်းထည့်ဝင်လုပ်ကိုင်လျက်ရှိကြောင်း၊ လာမည့် သီတင်းကျွတ်လတွင် မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဆွေ၏ ပြောကြားချက်အရ သိရသည်။

အောင်စိုးဖေ (IPRD)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်
ပထမအကြိမ် မြန်မာ-ဂျပန်

သုတေသနစာတမ်းဖတ်ပွဲအတွက် စာတမ်းရှင်များဖိတ်ခေါ်ခြင်း

ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံတက္ကသိုလ်များဖြစ်သော Hokkaido University, National Institute of Technology and Evaluation (NITE), Tottori University, Yamanashi University, Tamagawa University များမှ ပညာရှင်တို့နှင့်ပညာရပ်ဆွေးနွေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ပညာရပ်ဆွေးနွေးပွဲတွင် အောက်ဖော်ပြပါသုတေသနဆိုင်ရာ နယ်ပယ်များမှ သုတေသနစာတမ်းများကို ဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသည်-

၁။ International Symposium on Agricultural Science and Environmental Science
(စိုက်ပျိုးရေး၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ ဘူမိဗေဒ၊ သင်္ချာ၊ ရူပဗေဒ)
၂။ International Symposium on Marine Science (Fisheries Science)
၃။ International Symposium on Microbiology/Biotechnology

သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည့်နေရာနှင့်နေ့ရက်
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်အဆောက်အအုံ
ကျင်းပမည့်နေ့ရက် - ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)၊ ၁-၁၂-၂၀၁၄ရက် (တနင်္လာနေ့)
သုတေသနစာတမ်းရှင်များဖိတ်ခေါ်ခြင်း

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲအတွက် မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များမှ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ စာတမ်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းများမှ စာတမ်းရှင်များ၊ ကုမ္ပဏီများမှ စာတမ်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

ဖတ်ကြားမည့် သုတေသနစာတမ်းအကျဉ်း Hard copy နှင့် Soft copy အား ၃၀-၉-၂၀၁၄ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းစိုးထံသို့ ပေးပို့ကြရန် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုသောအချက်များကို ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူး(သင်တန်းရေးရာ)၊ ပါမောက္ခ/ဌာနမှူး (ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ) တို့တွင် စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
မြန်မာ-ဂျပန် သုတေသနစာတမ်းဖတ်ကြားရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၉၈၈၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

တိုက်ခန်းငှားမည်
(ပွဲစားမလို)

ဗိုလ်ရာညွန့်လမ်း၊ မြေညီထပ်၊ ဆက်သွယ်ရန် (ရုံးချိန်အတွင်း)။

ဖုန်း-၀၁-၇၁၀၀၇၄၊ ၀၁-၅၃၅၂၂၁

ကားရောင်းမည်
(100 ညှိနှိုင်း)

Lifan Dump Truck, 2012 Model
ကီလို ၅၀၀၀၊ ၂ကျင်းခွဲဆိုဒ်၊ ၆ ပေါက်။

ဖုန်း-၀၉-၂၅၄၀၅၁၈၆၁ (ရန်ကုန်)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး

ယာဉ်အမှတ် ၂ဂ/၆၅၇၂၊ ၂ဂ/၉၄၉၈၊ ၂ဂ/၆၅၇၃၊ ၂ဂ/၆၅၇၄၊ ၂ဂ/၆၅၇၁၊ ၅ဂ/၉၇၄၅၊ ၅ဂ/၉၇၄၂၊ ၅ဂ/၉၇၄၃၊ ၅ဂ/၉၇၄၄၊ ၅ဂ/၉၇၄၁ တို့၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အလျှုရှင်နှင့် ကျေးရွာပြည်သူ စုပေါင်းအားဖြင့် ညောင်ပင်ကြီးကျေးရွာ လျှပ်စစ်မီးလင်းပြီ

စဉ့်ကိုင် ဇူလိုင် ၂၉

စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် အလှူရှင်၏ လှူဒါန်းမှုနှင့် ကျေးရွာပြည်သူများ စုပေါင်းအားဖြင့် နိုင်ငံတော် ဓာတ်အားစနစ် (110KV)ဓာတ်အားလိုင်းမှ လျှပ်စစ်မီးလင်းနိုင်ရေး ကိုယ်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လျှပ်စစ်မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

ညောင်ပင်ကြီးကျေးရွာ ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်ရာတွင် ဦးစက်မောင်-ဒေါ်နွယ်နွယ်အေး မိသားစုမှ ထရန်စဖော်မာ တပ်ဆင်နိုင်ရန်အတွက် အလှူငွေ ၁၂၇သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာရှိ အိမ်ထောင်စုများမှ မီးလင်းရေး ဆောင်ရွက်လိုသော အိမ်ခြေ ၁၀၃ အိမ်မှ တစ်အိမ်ထောင်လျှင်ငွေကျပ်လေးသိန်းဖြင့် ထည့်ဝင်ကြရကြောင်း ကျေးရွာအတွင်း အိမ်ခြေ ၁၉၀ ကျော်ရှိရာမှ ယခုအခါတွင် အိမ်ခြေ ၁၀၃ အိမ် မီးလင်းနေပြီး ကျန်ရှိသော အိမ်ထောင်စုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဆန်း၏ ပြောပြချက်အရ သိရသည်။

ညောင်ပင်ကြီးကျေးရွာသည် စဉ့်ကိုင်မြို့နှင့် သုံးမိုင်ခန့်သာ ကွာဝေးသောကြောင့် ကိုယ်အားကိုယ်ကိုး လျှပ်စစ် မီးလင်းရေးဆောင်ရွက်နိုင်ရန် မျှော်လင့်ခဲ့မှုများကို "ကျွန်တော်တို့ရွာက မြို့နဲ့ အလှမ်းမဝေးတော့ တနေ့ လျှပ်စစ်နဲ့ မီးလင်းလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်၊ မီးလင်းအောင်လည်း အစဉ်အမြဲ ကြိုးပမ်းခဲ့တယ်၊ လျှပ်စစ်မီးနဲ့ဆိုတော့ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမယ်"ဟု ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်ကပြောကြားသည်။

ကျေးရွာမီးလင်းရေး ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း မီးလင်းရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ပြောကြားခဲ့သည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သမဝါယမ ဒုတိယဝန်ကြီး သမဝါယမလုပ်ငန်းဆိုင်ရာများ ဆီဆိုင်၌ ဒေသခံများနှင့်ဆွေးနွေး

ဆီဆိုင် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းနှင့် ဒေသခံများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က ဆီဆိုင်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးက သမဝါယမ သမိုင်းကြောင်းနှင့် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေးတွင် လက်ရှိ သမဝါယမကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် လုပ်ငန်းများသည် ယခင်နှင့် ယခုကွာခြားပုံကို ရှင်းလင်းဆွေးနွေးခြင်း၊ သမဝါယမကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေး ဒုတိယမဏ္ဍိုင် နေရာတွင် ရပ်တည်နေ၍ သမဝါယမလုပ်ငန်းများ အောင်မြင်ရေးမှာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်အထောက်အကူပြုကော်မတီသုံးခုမှ တာဝန်ရှိသူများက လိုအပ်သည်များကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်နှင်းဦးက သမဝါယမလုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ တောင်သူ ဦးစိုးမြင့်က စိုက်ပျိုးရေးနှင့်ပတ်သက်၍လိုအပ်သည်များကိုလည်းကောင်း တင်ပြကြသည်။

တွေ့ဆုံပွဲသို့ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ သမဝါယမအသင်းသူ၊ အသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခွန်ရဲထွေး (ဆီဆိုင်)**

ဖျာပုံမြို့နယ် ကျေးရွာ ခုနစ်ရွာသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ ပေးအပ်

ဖျာပုံ ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိကျေးရွာ ခုနစ်ရွာသို့ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့က မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများဖြစ်သော မင်းလှစုကျေးရွာ၊ ကွန်ဒိုင်းကျေးရွာ၊ သုံးထပ်ကျေးရွာ၊ ဘိုဘကုန်းကျေးရွာ၊ အုတ်ဖိုကျေးရွာများမှ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို ပေးအပ်ခဲ့ကြသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဖျာပုံခရိုင်ရှိ ကျေးရွာပေါင်း ၃၀ တွင် ဆောင်ရွက်နေပြီး မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ဆိုလာစွမ်းအင်သုံးစွဲရေးလုပ်ငန်း၊ ကျေးရွာကုန်ထုတ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ချေးငွေများထုတ်ပေးခြင်းဖြစ်ကြောင်းသိရသည်။

မြစိမ်းရောင်စီမံကိန်းကို မြို့နယ် ၄၅ ခုမှ ကျေးရွာ ၁၀၀၀ ကျော်အတွက် ကျပ်ငွေ ၃ ဒသမ ၄၅ ဘီလီယံကို အသုံးပြု၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ**

တပ်ကုန်းမြို့နယ် သူဌေးကုန်းကျေးရွာမှ အဘဦးချစ်မြိုင် ဦးစီးသော မြိုင်မှုကြိုကျောင်းက သူဌေးကုန်းကျေးရွာ၊ နွယ်ရစ်ကျေးရွာ၊ ကျားသေအိုင်ကျေးရွာတို့မှ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၂၇ ရက်က ဂုဏ်ပြုဆုများနှင့် ထောက်ပံ့ငွေများ ချီးမြှင့်စဉ်။ ကျော်သူဝင်း

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့်ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းထုံခြင်ဆေးခွေအမည်ဖြင့် မည်သည့်ခြင်ဆေးခွေကိုမျှ ပိုးသတ်ဆေး ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင်တွေ့ရှိရသော ကျင်းထုံတံဆိပ်ခြင်ဆေးခွေနမူနာများကို စစ်ဆေးခဲ့ရာတွင် ကျင်းထုံတံဆိပ်ဖြင့်ခြင်ဆေးခွေများပေါ်တွင် ဖော်ပြထားသော အမျိုးအစားဓာတုပစ္စည်း၏ ပါဝင်မှုရာခိုင်နှုန်း ၀.၀၈%သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ ၀.၀၄%ထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကိုများစွာ ထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသောခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်မှတင်သွင်းလာသော ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့်တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၂၁၆၊ မြေကွက်တည်နေရာအမှတ် ၂၁၆၊ သန္တာ၁၀လမ်း ဦးမြမောင် အက်စ်ဂျီအန်-၀၃၄၉၆၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမြမောင်နှင့် မိခင် ဒေါ်စန်းရီတို့ ကွယ်လွန်သဖြင့် ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၀၈၈၀၇၉၊ ဒေါ်ကြည်ကြည်ဆွေ ၁၂/ဥကမ(နိုင်)၀၈၈၀၇၅၊ ဒေါ်ကြည်ကြည်ဝေ ၁၂/ဥကမ(နိုင်)၀၁၉၁၂၇တို့က သားသမီးများတော်စပ်ကြောင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၇၈၁/၁၄) ဖြင့်ရရှိသူ ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၀၈၈၀၇၉ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် ၉၆၉၊ မြေကွက်တည်နေရာအမှတ် ၉၆၉၊ ပင်းယ ၁၆လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ခင်ကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ကြည်(မိခင်)၊ ဦးမောင်စိန်(ဖခင်)၊ ဦးမြင့်သိန်း(သား) လူပျိုကြီးဘဝဖြင့်ကွယ်လွန်၊ ဦးကြည်မြင့် (သား)အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်ညွန့်လှိုင် ၁၂/ဥကတ(နိုင်)၀၉၀၇၇၃၊ ဦးရွှေစိန် ၁၂/ဥကတ(နိုင်)၀၉၅၆၂၂၊ ဦးအေးဝင်း ၁၂/ဥကတ(နိုင်)၀၉၇၄၄၂၊ ဦးဝင်းမောင် ၁၂/ဥကတ(နိုင်)၀၇၈၄၃၇၊ ဒေါ်စောမြင့် ၁၂/ဥကတ(နိုင်)၀၇၈၆၃၀ ကွယ်လွန်သူ ဦးကြည်မြင့်၏ဇနီးဖြစ်သူတို့က သား/သမီးများနှင့် ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျော်ငြာ

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု (ဘွဲ့လွန်တန်း) လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးတွင် ကဏ္ဍပေါင်းစုံမှပူးပေါင်းပါဝင်နိုင်သည့် နိုင်ငံတကာ စံချိန်မီသော ပညာတတ်လူငယ်များမွေးထုတ်ပေးရန် ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံသား လူငယ်များ အတွက် ရေရှည်အကျိုးရှိမည့် လက်တွေ့ကျသော ပညာရေးအခွင့်အလမ်းများရရှိစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်များတွင် လူငယ်များလေ့လာ သင်ကြားခွင့်ရရှိစေရန်ရည်ရွယ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါ သည်။

၂။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု(ဘွဲ့လွန်တန်း)အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မဟာတန်းပညာတော်သင်ဆုအတွက် တက္ကသိုလ်ဂုဏ်ထူးတန်း / မဟာအရည်အချင်းစစ် သင်တန်း/ဘွဲ့လွန်ဒီပလိုမာတန်းအောင်မြင်ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဂ) ပါရဂူတန်းပညာတော်သင်ဆုအတွက် မဟာတန်းအောင်မြင်ပြီးသူ (သို့မဟုတ်) မဟာ သုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။

မှတ်ချက်-ဘွဲ့လက်မှတ်ရရှိခဲ့သောစာမေးပွဲရမှတ်များနှင့် သင်ယူခဲ့သောဘာသာရပ်များကို ပူးတွဲတင်ပြရမည်။ အခြားသောစာမေးပွဲ (ဥပမာ-TOEFL/IELTS/SAT အစရှိသည်) တို့ကို ဖြေဆိုထားပါကလည်း ဖြည့်စွက်တင်ပြနိုင်သည်။

(ဃ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(င) ပြစ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အိမ်ထောင်မရှိသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဆ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

(ဇ) နိုင်ငံခြားမှဘွဲ့ရရှိပြီး ပြန်လာသောအခါ နိုင်ငံတော်မှပေးအပ်သော အလုပ်တာဝန်ကို ပညာ တော်သင်ကာလ၏ (၂)ဆတိုင်အောင် တာဝန်ထမ်းဆောင်မည်ဟု စာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။ ထိုသို့ထမ်းဆောင်ခြင်းမပြုနိုင်ပါက ပညာတော်သင်ကုန်ကျစရိတ်၏ (၃)ဆ ပြန်လည် ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာ ဌာနတွင် အခမဲ့ရယူပြီး ပြည့်စုံအောင်ဖြည့်စွက်၍ လျှောက်လွှာရယူခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ၃၁-၈-၂၀၁၄ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

၄။ လျှောက်ထားသူများအနက် ပဏာမအဆင့်ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ပွင့်လင်းမြင်သာသော အကဲဖြတ်စစ်ဆေးမှုများအဆင့်ဆင့် ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ပြင်ပပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော ကော်မတီက အပြီးသတ်စိစစ်ရွေးချယ် ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ပညာရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၃၃၊ ၀၆၇-၄၀၇၅၁၈၊ ၀၆၇-၄၀၇၅၃၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကြော်ငြာ

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု (ဘွဲ့ကြိုတန်း) လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးတွင် ကမ္ဘာ့ပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်သည့် နိုင်ငံတကာ စံချိန်မီသော ပညာတတ်လူငယ်များမွေးထုတ်ပေးရန် ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံသားလူငယ်များ အတွက် ရေရှည်အကျိုးရှိမည့် လက်တွေ့ကျသော ပညာရေးအခွင့်အလမ်းများရရှိစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်များတွင် လူငယ်များ လေ့လာသင်ကြားခွင့်ရရှိစေရန်ရည်ရွယ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု (ဘွဲ့ကြိုတန်း)အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသား မိဘနှစ်ပါးမှမွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာသင်ဆုလျှောက်လွှာပိတ်ရက်တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၅၀၀မှတ်နှင့် အထက်ရရှိသူဖြစ်ရမည်။ (သို့မဟုတ်) GCE "A" Level အောင်မြင်ပြီးသူဖြစ်ရမည်။ (သို့မဟုတ်)နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ တစ်ခုခု အောင်မြင်ပြီးသူဖြစ်ရမည်။

မှတ်ချက်-အထက်ပါစာမေးပွဲအောင်လက်မှတ်ရရှိခဲ့သော စာမေးပွဲရမှတ်များနှင့် သင်ယူခဲ့သော ဘာသာရပ်များကို ပူးတွဲတင်ပြရမည်။ အခြားသောစာမေးပွဲ (ဥပမာ- TOEFL/IELTS/ SAT အစရှိသည်)တို့ကို ဖြေဆိုထားပါကလည်း ဖြည့်စွက်တင်ပြနိုင်သည်။

(ဃ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(င) ပြစ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အိမ်ထောင်မရှိသူ (လူပျို၊ အပျို)ဖြစ်ရမည်။

(ဆ) နိုင်ငံခြားမှဘွဲ့ရရှိပြီး ပြန်လာသောအခါ နိုင်ငံတော်မှပေးအပ်သော အလုပ်တာဝန်ကို ပညာ တော်သင်ကာလ၏ (၂)ဆတိုင်အောင် တာဝန်ထမ်းဆောင်မည်ဟု စာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။ ထိုသို့ထမ်းဆောင်ခြင်းမပြုနိုင်ပါက ပညာတော်သင်ကုန်ကျစရိတ်၏ (၃)ဆ ပြန်လည်ပေးလျော် ရမည်။

၃။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာ ဌာနတွင် အခမဲ့ရယူပြီး ပြည့်စုံအောင်ဖြည့်စွက်၍ လျှောက်လွှာရယူခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ၃၁-၈-၂၀၁၄ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

၄။ လျှောက်ထားသူများအနက် ပဏာမအဆင့်ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ပွင့်လင်းမြင်သာသော အကဲဖြတ်စစ်ဆေးမှုများ အဆင့်ဆင့် ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ပြင်ပပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော ကော်မတီက အပြီးသတ်စိစစ်ရွေးချယ် ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ပညာရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၁၃၊ ၀၆၇-၄၀၇၅၁၈၊ ၀၆၇-၄၀၇၅၃၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

သစ်တောတက္ကသိုလ် (ရေဆင်း)
၁၉၉၁ မှ ၁၉၉၆အတွင်း ဘွဲ့ရခဲ့ကြသောကျောင်းသားဟောင်းများ၏
ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

သစ်တောတက္ကသိုလ်(ရေဆင်း)၊ ပျဉ်းမနားမြို့တွင် ၁၉၉၁ မှ ၁၉၉၆ အတွင်း သစ်တောပညာဘွဲ့ရခဲ့ကြသော ကျောင်းဟားဟောင်းများမှ တက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဒုတိယအကြိမ်အဖြစ် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများအားလုံး စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေ့ရက် - ၉-၈-၂၀၁၄ ရက် (စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - တက္ကသိုလ်များဓမ္မာရုံ၊ ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။

ကျောင်းဆင်းနှစ်အလိုက် ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ

၁၉၉၁ ခုနှစ်	ဖုန်း-၀၉-၅၄၀၁၁၉၁
၁၉၉၂ ခုနှစ်	ဖုန်း-၀၉-၄၀၀၄၅၇၉၂၄၊ ၀၉-၅၀၂၀၆၉၂
၁၉၉၃ ခုနှစ်	ဖုန်း-၀၉-၂၅၄၀၇၉၀၃၀
၁၉၉၄ ခုနှစ်	ကြီး-ဖုန်း--၀၉-၄၉၃၂၁၅၁၁၊ ငယ်-၀၉-၂၀၄၃၉၄၅
၁၉၉၅ ခုနှစ်	ဖုန်း-၀၉-၅၁၄၆၆၄၄
၁၉၉၆ ခုနှစ်	ဖုန်း-၀၉-၂၀၀၅၈၃၂

ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းကြည်
(ဇေယျာဝတီ)
အသက်(၇၈)နှစ်

ဦးသောင်းမြင့်ထွန်း(အင်ဂျင်နီယာမှူးကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း) - ဒေါ်မြင့်ကြည်တို့၏မိခင်၊ မောင်အောင်ခန့်ကျော်၊ မသစ်သစ်ဟန်တို့၏အဘွားသည် ၂၆-၇-၂၀၁၄ ရက်(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ရန်ကုန်မြို့၊ သုစိတ္တာလမ်း၊ အမှတ် ၇၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းကြည် (ဇေယျာဝတီ)
အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ သုစိတ္တာလမ်း၊ အမှတ် ၇၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးတင်အောင်၏ဇနီး၊ ဒေါ်တင်ကြည်၊ ဒေါ်သန်းကြည်တို့၏ ညီမ/အစ်မ၊ Brilliant Partner United Power Co.,Ltd. ဦးကျော်ဆွေ-ဒေါ်မြမြ၊ Steel Stone Group of Companies ဦးသန်းလွင်-ဒေါ်လွင်လွင်ဦး၊ ဦးမြင့်သိန်း-ဒေါ်နှင်းဆီမြင့်၊ မိတ္ထီလာမြို့နေ ဦးကျော်ငြိမ်း-ဒေါ်ခင်ဒွေးကြည်(မိတ္ထီလာဇီးခွဲစက်)၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအင်ဂျင်နီယာမှူးကြီး ဦးသောင်းမြင့်ထွန်း-ဒေါ်မြင့်ကြည်၊ ဦးဆန်းဝင်း-ဒေါ်ခင်မာချို (ရွှေလှည်းကူးဆန်ဆိုင်)၊ Asia Boom Co.,Ltd. ဒေါက်တာဇော်ဝမ်း-ဒေါ်စန္ဒာမင်း၊ Full Strength Co.,Ltd. ဦးဇော်တူး-ဒေါ်ဖြိုးလဲ့လဲ့အောင်တို့၏မိခင်၊ မြေး ၂၂ ယောက်တို့၏အဘွားသည် ၂၆-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၁ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၉ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆

၁။ ဦးလှတင့်ထွန်း	နှင့်	၁။ဦးကျော်မျိုးဆွေ
၂။ ဒေါ်ခင်ဖုန်းမြင့်		၂။ဦးအောင်ထွေး
တရားနိုင်		**တရားရှုံးများ**

အမှတ် (၁၈၄/၁၈၆)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဦးကျော်မျိုးဆွေ၊ ဦးအောင်ထွေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှု အမှတ်-၂၄၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၁ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး (၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်တင့် (သရက်မြို့)
အသက် (၈၅)နှစ်

ဦးမင်းသူ-ဒေါ်မီမီထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်တင့်သည် ၂၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် သရက်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မကွေးဒီဂရီကောလိပ်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်အုန်းကြည် (ဇေယျာဝတီ)
အသက် (၇၈)နှစ်

Asia Boom Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇော်ဝမ်း-ဒေါ်စန္ဒာမင်းတို့၏မိခင်သည် ၂၆-၇-၂၀၁၄ ရက် (စနေနေ့) နံနက် ၁ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Asia Boom Co., Ltd. မှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်တင့် (သရက်မြို့)
အသက် (၈၅)နှစ်

ဦးမင်းသူ - ဒေါ်မီမီထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်တင့်သည် ၂၄-၇-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရေနံချောင်းဒေသကောလိပ်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်အုန်းကြည် (ဇေယျာဝတီ)
အသက် (၇၈)နှစ်

Full Strength Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်တူး-ဒေါ်ဖြိုးလဲ့လဲ့အောင်တို့၏မိခင်သည် ၂၆-၇-၂၀၁၄ ရက် (စနေနေ့) နံနက် ၁ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Full Strength Co., Ltd. မှ ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ထင်မေ (စလင်းမြို့)
အသက်(၉၀)

(ဦးလှအောင်-ဒေါ်ဦးသစ်)တို့၏သမီး၊ (ဦးဆိုင်-ဒေါ်မမလေး)တို့၏သမီး ချွေးမ၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် ၁၇/၄၅၄ နေ (ဗိုလ်မှူးကြီး မင်းဇင်၊ ငြိမ်း)၏ဇနီး၊ ဒဂုံတောင်၊ အောင်ဇေယျာအိမ်ရာနေ ဦးတင်ရွှေ-ဒေါ်တင်တင်ဝင်းတို့၏ အစ်မ၊ ဒေါ်သွင်သွင်ဦး(စက်မှုဝန်ကြီးဌာန-LED)-(ဦးကိန်းမွန်)၊ ဒေါ်ခင်ဆန်းယုမေ၊ ဒေါ်ဝင်းမာ[ဦးစီးအရာရှိ၊ စစ်ဆေး ရေး၊ အခြေခံပညာ-၃၊ ရန်ကုန်တိုင်းဒေသကြီး]၊ ဦးအောင်သီဟ-ဒေါ်ဝင်းမြင့် (ခေတ္တဘရူနိုင်း)တို့၏မိခင်၊ မမြတ်ဆုမွန်(မော်ကျွန်း၊ ဘ-ကကျောင်း)-ဦးညီညီ၊ မထက်ထက်အောင်(ရတနာပုံတယ်လီပို့စ်)တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၇-၂၀၁၄ရက် ညနေ ၅း၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

သာသနာ့မိခင်ကြီး ဒေါ်တင်စိန်(ဝါးခယ်မ) အသက်(၈၂)နှစ် ကွယ်လွန်၍ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ ဆည်မြောင်းဦးစီးဌာနမှဝန်ထမ်းများ၊ ဆွေမျိုးသားချင်းနှင့် သူငယ်ချင်းများ၊ ဗဟိုရ်စည်အိမ်ရာရှိ ရပ်မိရပ်ဖများနှင့် မိတ်ဆွေများ၊ ရေဝေးသုသာန်မှဝန်ထမ်းများ၊ နာရေးအား လိုက်ပါပို့ဆောင်ကြသူများ၊ ရပ်ဝေးရပ်နီးမှ ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အားပေးကူညီကြသူများ၊ နှင်းဆီဆောင် ညီအစ်မများ၊ မနုဿဗေဒဌာနမိသားစုများနှင့် ဗဟိုရ်စည်ဆေးရုံမှ ဆရာဝန်/ဆရာမများ၊ ဆေးရုံဝန်ထမ်းများစသည့် အားပေးကူညီကြသူများ အားလုံးအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်ခိုင် (ပုသိမ်)
အသက်(၇၄)နှစ်

ပုသိမ်မြို့၊ ရာမည ၁၁လမ်း၊ အမှတ် ၂၈၆၁နေ (ဦးကျော်မြင့်၊ မြန်မာဗိသုကာပညာရှင်)၏ဇနီး၊ ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း) [ညွှန်ကြားရေးမှူး(စီမံ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန]-ဒေါ်ခင်နန်းဦး၊ (ကိုရွှေလူ)-ဒေါ်ခင်မာဦး၊ ကိုသောင်းထိုက်-မခင်မျိုးကျော်၊ ကိုအောင်မြတ်-မထားထားဆွေ၊ ကိုခင်မောင်ကြူ-မထားထားလွင်၊ မောင်ဇေယျာဖြိုး-မခိုင်ဇာဝေတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၈-၇-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကိုကိုမောင် (ကြည်း-၃၀၈၆၁)
M.B.,B.S, M.Med.Sc (Med)
အသက် (၄၃)နှစ်

ဗိုလ်မှူးကိုကိုမောင် (အထက-၁၊ တောင်ဥက္ကလာပ ၈၇-၈၈) ကျောင်းသားဟောင်းသည် ၂၇-၇-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက (၁)၊ တောင်ဥက္ကလာပမြို့နယ်
(၁၉၈၇-၁၉၈၈) ကျောင်းသား ကျောင်းသူဟောင်းသူငယ်ချင်းများ

ဦးရဲမြင့် B.E (MECH) (1976)
အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ M.O.G.E
အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုနန္ဒာ ၁လမ်း၊ တိုက် ၂၆/၄၊ အခန်း ၁၀၂၊ သုမင်္ဂလာအိမ်ရာနေ(ဦးဟန်တင်)-ဒေါ်ကျင်မေတို့၏သား၊ (ဦးမျိုးလွင်-ဒေါ်ကင်ကျို့)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်လွင်၏ခင်ပွန်း၊ မနှင်းပွင့်အောင်(Chian Jin Building Contractor Pte Ltd.S'pore)၊ မခိုင်နွယ်ဆွေ (Nanyang Polytechnic,S'pore)၊ မောင်ကောင်းသက်နိုင်(စံအိမ်သစ် ဘော်ဒါ၊ ပြင်ဦးလွင်)တို့၏ဖခင်သည် ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲမြင့် B.E (MECH) (1976)
အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ M.O.G.E
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးဟန်တင်)-ဒေါ်ကျင်မေတို့၏သား၊ (ဦးမျိုးလွင်-ဒေါ်ကင်ကျို့)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း) (လေ၊ စက်မှု)-ဒေါ်ခင်နှင်းရီတို့၏ ညီ/မောင်၊ ဒေါက်တာဒေါ်ရီရီမြင့်(MANA)၊ ဦးလှမြင့် (စစ်ဆေးရေးမှူး-၂၊ ကညန၊ ပြည်မြို့)-ဒေါ်နီနီဝင်း၊ ဦးထွန်းဝင်း-ဒေါ်နန်းမြင့် သိန်းအေး(ခ)ဒေါ်မီးမီး(တာချီလိတ်)၊ ဒေါ်ချိုချိုသင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုနန္ဒာ ၁လမ်း၊ သုမင်္ဂလာအိမ်ရာ၊ တိုက် ၂၆/၄၊ အခန်း အမှတ် ၁၀၂နေ ဒေါ်ကြည်ကြည်လွင်၏ခင်ပွန်း၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၇-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

---

(၅)နှစ်ပြည့်အလွမ်း
ဦးတင်အောင်စိုး
B.Sc (Chemistry)
မြင်သာအကျိုးဆောင်လုပ်ငန်း
၃၀-၇-၂၀၀၉

ရှာသော်လည်းမတွေ့
ကြာသော်လည်းမမေ့
ချစ်ခင်ပွန်း....
မိသားစုအပေါ် ကြီးမားတဲ့ကျေးဇူးကို
တစ်နေ့မှ မမေ့ခဲ့ပါ။
ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့်
ကို့အတွက် ရည်မှန်း ရည်စူး၍
ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းနှင့်တကွ
ပြုခဲ့သမျှသောကောင်းမှုကုသိုလ်ကို
အမျှပေးဝေပါတယ်။
အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

ချစ်ဇနီး-ဒေါ်ခင်မာအေး

---

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
မောင်အာကာမျိုးမင်းထက်
(၃၀-၇-၂၀၁၁) - (၃၀-၇-၂၀၁၄)

မေမေ့သားကြီး အာကာ

တစ်နှစ်သုံးရာသီနဲ့၊ (၃)နှစ် (၉)ရာသီဖြတ်ကျော်ခဲ့ပြီ

နွေမှာနေပူရင် သားကြီးမှာ အရိပ်ရှိရဲ့လား၊ မိုးမှာ မိုးတွေသည်းရင် သားကြီး မိုးလုံရဲ့လား၊ ဆောင်းမှာချမ်းအေးရင် သားကြီးနွေးထွေးမှုရှိရဲ့လားဆိုပြီး မေမေ့ရင်ထဲမှာ သားကြီးအတွက် စိုးရိမ်သောကတွေနဲ့ အမြဲလွှမ်းခြုံနေတယ်၊ မသေသေးဘဲ နေနေရတဲ့မေမေ့ဘဝမှာ စားလည်းသတိရ၊ သွားလည်းသတိရ၊ ဘဝတာဝန်တွေနဲ့ စိတ်ပင်ပန်းရင်လည်း ''မေမေ စိတ်ကိုထားတတ်အောင်ထားပါ''လို့ သားကြီးပြောခဲ့တဲ့ စကားကို ရင်ကွဲမတတ် သတိရပါတယ်။

သားကြီးအတွက် ရင်နဲ့အမျှ ဖြစ်ပေါ်နေတဲ့စိုးရိမ်သောက၊ လွမ်းဆွတ်မှုတွေကို မပြတ် ကုသိုလ်ပြုရင်း အမျှဝေနေပါတယ်၊ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ - **ဦးမျိုးအောင်**
မေမေ - **ဒေါ်သောင်းသောင်းထွန်း**

နာရေး

ခရစ်တော်၌အိပ်ပျော်ခြင်း
တရားဟောဆရာမကြီး ဒေါ်တင်မြင့် (ငြိမ်း)
လွတ်လပ်သောမက်သဒစ်အသင်းတော်(ရန်ကုန်)(ငမိုးရိပ်)
အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးထွန်းဦး-ဒေါ်ထိုက်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၃၇၆၊ (မြေညီထပ်၊ ခေါင်းရင်း)နေ သိက္ခာတော်ရဆရာကြီး ဦးတင်မောင် (နာယက၊ လွတ်လပ်သောမက်သဒစ်အသင်းတော်များအဖွဲ့ချုပ်)၏ဇနီး၊ ဒေါ်ခင်မူဝေ၊ သိက္ခာတော်ရဆရာ ဦးခင်မောင်မောင်(သင်းအုပ်ဆရာ၊ လွတ်လပ်သောမက်သဒစ်အသင်းတော်၊ ငမိုးရိပ်)-ဓမ္မဆရာမ ဒေါ်ခိုင်ခိုင်မာ၊ ဦးခင်မောင်ချို (အဖွဲ့ခွဲမှူး၊ လယ်ယာ/ဆည်မြောင်း၊ ဝန်ကြီးရုံး၊ နေပြည်တော်)-ဒေါ်နန်းအေးအေးမြင့်တို့၏မိခင်၊ အာကာဝေယံမောင်၊ အာကာငြိမ်းချမ်းမောင်၊ ဇာနည်ရဲရင့်မောင်၊ မပွင့်ဖြူမောင်၊ မသဇင်မောင်၊ မရတနာမောင်တို့၏အဘွားသည် ၂၉-၇-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၁း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဈာပနဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

အောက်မေ့ဖွယ်ရာဝတ်ပြုခြင်း အစီအစဉ်ကို ၂-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းကြည် (ဇေယျဝတီ)
အသက်(၇၈)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(အင်ဂျင်နီယာမှူးကြီး) ဦးသောင်းမြင့်ထွန်း၊ ဒေါ်မြင့်ကြည်တို့၏မိခင်၊ မောင်အောင်ခန့်ကျော်၊ မသစ်သစ်ဟန်တို့၏အဘွားသည် ၂၆-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အင်ဂျင်နီယာမှူးကြီးရုံးဝန်ထမ်းများ ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

ဦးထင်အောင်(ခ)ချိုအီးထင်
အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ် ၂၇(ငါးလွှာ-B)နေ (ဦးစိန်-ဒေါ်ရှု)တို့၏သား၊ (ဦးတင်မောင်-ဒေါ်ဖြန့်)တို့၏သားသမက်၊ ဒေါ်သိန်း၏ခင်ပွန်း၊ ဦးကြီးစိန်-ဒေါ်ကျင်အေး၊ ဦးအောင်မင်း-ဒေါ်သန်းသန်းဌေး၊ ဦးအောင်ခင်-ဒေါ်မြရွှေ၊ ဦးခင်မြင့်-ဒေါ်လှရီတို့၏အစ်ကို/ညီ၊ မောင်ဝင်းနိုင်ထွန်း-မစုစုလှိုင်(အနုပညာဦးစီးဌာန)၊ မသင်းသင်းအောင်(တရားလွှတ်တော်ရှေ့နေ)၊ မောင်ညီမင်းထွန်း-မခင်ကျန်(အထက-၁၀၊ တာမွေ)၊ မောင်သန်းမင်းနိုင်-မသင်းသင်းနွယ်တို့၏ဖခင်သည် ၂၉-၇-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၄း၁၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
NU NGAI KHAN CING (DOPMUL BEH)
(Shalom E.B.C)
အသက်(၆၂)နှစ်

